mgyoe.com
SAMPLE BOOK



# လောဝ့်ရှယ်

ဒုတိယအကြိမ် ပြည့်စွက်ပုံနှိပ်သည်

## မလိမ်တတ် မညာတတ်တဲ့ လူတစ်ယောက် နဲ့ အခြားဝတ္ထုများ

မြင့်သန်း မြန်မာဘာသာဖြင့် ပြန်လည်ရေးသားသည်

mgyoe.com SAMPLE BOOK

လောဝ်ရှယ်၏ ဝတ္ထုဖတ်သူများ
သူ၏ဝတ္ထုများကို ပြန်လည်ဖတ်ရှုလေ့ ရှိကြသည်မှာ
သူ၏ ဖန်တီးမှု အခြေခံများအပေါ် ငြိကြသောကြောင့် ဖြစ်သည်။
သူသည် သမိုင်းအခြေခံ တင်ပြမှုများကို အလေးမထားခဲ့။
သို့ရာတွင် ကာလတရား၏ ဖြစ်နေခြင်း ကို
ဖန်တီးမှုအခြေခံဖြင့် ဖော်ထုတ်တင်ပြနိုင်သူ ဖြစ်သည်။
(ဒုတိယအကြိမ် အမှာမှ)

လောဝ်ရှယ်ဟာ
ခေတ်သစ် တရုတ် စာရေးဆရာကြီးတွေအထဲမှာ
အသောမောက် ရေးတတ်တဲ့ စာရေး ဆရာကြီးလို့
တစ်ကမ္ဘာလုံးက စာဖတ်သူတွေ၊
ပညာရှင်တွေက တညီ တညွတ်တည်း လက်ခံကြရပါတယ်။
(ပထမအကြိမ် အမှာမှ)

ပထမဦးဆုံးအကြိမ် သူတို့ ဆုံကြတာကို
ဝဲန် ကောင်းကောင်းမှတ်မိနေတယ်။
မယ်ဟာ တောင်ပံခတ်ပျံသွားတဲ့ ငှက်ခါးတစ်ကောင်လိုပဲ၊ လှပါ့။
ခုတော့ကော၊ အိပ်ရာပေါ်မှာ လူသတ္တဝါတစ်ဦးတစ်ယောက်အနေနဲ့ တွေ့ရတာက မယ် ပဲလား။
ဘာတွေ စဉ်းစားနေတာလဲ။ ဘဝဟာ တကယ့်ကိုပဲ မျှော်လင့် ချက် မရှိတော့ဘူးတဲ့လား။
(ပြည့်စွက်ထုတ်ဝေထားသော ဘဝရဲ့ ရွေးချယ်ခွင့်တွေမှ)

MT - 5000 Ks

9 248480 502824

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၅၁၀

# မလိမ်တတ် မညာတတ်တဲ့ လူတစ်ယောက်

နှင့်

အခြားဝတ္ထုများ

## မြင့်သန်း

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၅၅ ၉၄၈၊ ၀၉ ၂၅၄၈ ၄၈ ၀၄၈။

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

လောဝ်ရှယ်၊ မလိမ်တတ် မညာတတ်တဲ့ လူတစ်ယောက်
နှင့် အခြားဝတ္ထုများ
မြင့်သန်း
ဒုတိယအကြိမ်၊ ဩဂုတ်၊ ၂၀၂၂။
ပထမအကြိမ်၊ မတ်၊ ၂၀၁၄။ (ရာပြည့်စာအုပ်တိုက်)
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၅၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးဇော်မြင့်ဝင်း၊ ကာလာဖန် ပုံနှိပ်တိုက် (၀၀၁၄၂)၊ အမှတ် ၁၈၄/ဘီ၊ ၃၁လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** မောင်ဘမောင်၊ **ကွန်ပျူတာစာစီ** သရဖီ။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


– ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက် အမှာ ၇

– ဘာသာပြန်သူ၏ အမှာ ၉

– လောဝ်ရှယ် ၁၄

၁။ ခမ်းနားသော ဖွင့်ပွဲ ၁၇
The Grand Opening

၂။ ရှေးကတည်းက နာမည်တစ်လုံးနဲ့ နေခဲ့တဲ့လုပ်ငန်း ၃၆
An Old and Established Name

၃။ ဘယ်ခရီးမှ သိပ်မဝေးဘူး
ဘယ်စွန့်လွှတ်မှုမျိုးမှ သိပ်မကြီးမားဘူး ၅၃
No Distance Too Far, No Sacrifice Too Great

၄။ လိ ညီအစ်ကို ၇၂
Black Li and White Li

၅။ သုံးပွင့်ဆိုင် ၁၀၅
Also a Triangle


mgyoe.com

mgyoe.com SAMPLE BOOK

၆။ ဘကြီးလျှုံးရဲ့စိတ်ကူး ၁၃၀
An Old Man's Romance
၇။ ကလေးချစ် ၁၅၆
Hot Dumpling
၈။ ဘဝရဲ့ ရွေးချယ်ခွင့်တွေ ၁၆၄
Life Choices
၈။ ကြက်တောင်စည်း ၁၈၄
Cocktails
၉။ တိန် ၂၁၀
Ding
၁၀။ မလိမ်တတ်၊ မညာတတ်တဲ့ လူတစ်ယောက် ၂၂၁
A Man Who Doesn't Lie
၁၁။ တွယ်တာမှု ၂၃၆
Attachment

mgyoe.com

mgyoe.com SAMPLE BOOK

## ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက် အမှာ

လောဝ်ရှယ်နှင့် ပတ်သက်၍ များစွာ မရှိလှပါ။ ပထမအကြိမ်ထုတ်တွင် အတိုင်းအတာတစ်ခုအထိ ဖော်ပြထားပြီး ဖြစ်သည်။ အဓိကအချက်အနေဖြင့် တင်ပြလိုသည်မှာ လောဝ်ရှယ်ကို ဖန်တီးစာရေးသမားအဖြစ် မြင်မိရန် ဖြစ်ပါသည်။ လောဝ်ရှယ်၏ ဝတ္ထုဖတ်သူများသည် သူ၏ဝတ္ထုများကို ပြန်လည်ဖတ်ရှုလေ့ ရှိကြသည်မှာ သူ၏ ဖန်တီးမှုအခြေခံများအပေါ် ငြိကြသောကြောင့် ဖြစ်သည်။ သူသည် သမိုင်းအခြေခံတင်ပြမှုများကို အလေး မထားခဲ့။ သို့ရာတွင် ကာလတရား၏ ဖြစ်နေခြင်းကို ဖန်တီးမှုအခြေခံဖြင့် ဖော်ထုတ်တင်ပြနိုင်သူ ဖြစ်သည်။ လူအသီးသီးတို့၏ ဘဝ(ဖြစ်နေခြင်း)ကို စိတ်ဝင်စားသူ ဖြစ်သည်။ ဝါဒရေးရာအကြောင်း သို့မဟုတ် ဝါဒရေးရာ အခြေခံအမြင်၌ တည်သော လူတို့၏ဘဝ(ဖြစ်နေခြင်း)ကို ဖော်ထုတ်တင်ပြခြင်း မဟုတ်။ ထို့ပြင်၊ လောဝ်ရှယ်သည် ခေတ်ပညာတတ်။ အနောက်တိုင်းတွင် ကိုယ်တိုင်ကိုယ်ကျ နေထိုင်

mgyoe.com

mgyoe.com SAMPLE BOOK

ခဲ့ပြီး အနောက်တိုင်း အသိအမြင်ကို နားလည်သဘောပေါက်ခဲ့သူ ဖြစ်သည်။ စာရေးသူသည် စာရေးရမည်ဟူသောအမြင် ရှိသည်။ သူ့အရေးအသားကို ဖတ်လျှင် 'ဩော်၊ သူလည်း ငါတို့လိုပါပဲလား'ဟု တွေ့လာရတတ်သည်။ ယှဉ်ကြည့်ရန် မသင့်သော်လည်း သဘောပေါက်စေရန် ယှဉ်ပြလိုသည်။ စည်းမဲ့ကမ်းမဲ့ဖြစ်သော (ဖြစ်နေသော) လူမှုကွန်ရက်အတွင်းမှ မြန်မာစာ ရေးသူနှင့် စာဖတ်ပရိသတ်တို့ကို ကြည့်စေချင်သည်။ 'အချို့' စာရေးဆရာ အမည်ခံများ၏ အင်္ဂလိပ်စာဖတ်တတ်သဖြင့် .. နိုင်ငံရပ်ခြားတွင် နေရသဖြင့် .. ငါသိ–ငါတတ် လုပ်ပြခြင်းများကို **ဖေ့စဘုတ်(ခ)**လောကတွင် အလျှံအပယ် တွေ့ရနိုင်သည်။ စာပေနှင့် အနုသုခုမ ပညာရပ်များတွင်သာမက တစ်ကမ္ဘာလုံးနှင့် ဖြစ်–ပျက်နေသမျှ အရာရာကို ဝင်ရောက် အမြီးနှန့်ပြနိုင်ကြသည်။ ယုတ်စွအဆုံး ယူကရိန်းနှင့် ရုရှား ကိစ္စကိုပင် အကဲဖြတ်နိုင်စွမ်း ရှိကြလေသည်။ ကိုယ်တိုင် မလုပ်ရဲကြသော်လည်း မြှောက်ထိုးပင့်ကော် လုပ်နေမှုများကို အမျိုးမျိုး ဖတ်ရနိုင်သည်။ တိုင်းပြည်ကြီး ဒုက္ခရောက်လေလေ၊ ငါတို့ နိုင်ငံခြားတွင် ဒူးနှန့်နိုင်လေလေ မူဖြင့် လူနာ မျက်ဖြူဆိုက်လေ၊ ဆရာ ကြိုက်လေ စနစ်ကို ထူထောင်နေကြလေသည်။ လောဝ်ရှယ်သည် ထိုသို့ မဟုတ်။ မဟုတ်ရသည်မှာ ဖန်တီးစာရေးခြင်းသည် သူ၏ ရည်ရွယ်ရင်း ဖြစ်သောကြောင့် ဖြစ်သည်။ လောဝ်ရှယ်သည် လူတွေအကြားမှ လူ တစ်ယောက် သိသော အနေအထားမှ ပြန်လည်တင်ပြနိုင်သော စာရေး ဆရာမျိုးသာ ဖြစ်သည်။ 'နာမည်ကြီးချင်လို့ စာရေးတယ်'ဟူသော စာရေး ဆရာမျိုး မဟုတ်။

လောဝ်ရှယ်၏ဝတ္ထုရှည် ဖတ်ချင်သူများကို အာမ မခံနိုင်သေးသော်လည်း တစ်နေ့နေ့တွင်သော် ပြန်လည်ရေးနိုင်မည်ဟု ထင်သည်။

လောဝ်ရှယ်ကို အသံထွက် (စာလုံးပေါင်း) ပြင်ပေးသော ဝေးလံသီခေါင်သော အရပ်မှ ဝေးခေါင်ကိုလည်း ကျေးဇူးတင်ရသည်။

မြင့်သန်း

mgyoe.com

mgyoe.com SAMPLE BOOK

## ဘာသာပြန်သူ၏ အမှာ

ဘာသာပြန်ခြင်းသည် အလွန် အန္တရာယ်ကြီးနိုင်သော အလားအလာရှိသည့် အရေးအသားတစ်မျိုး ဖြစ်ပါသည်။ အခြား အခြားသော ပညာရပ်ဆိုင်ရာ အကြောင်းများ ထည့်သွင်း မစဉ်းစား၊ မဆွေးနွေးဘဲ သာမန် အကြောင်းများကို ကျွန်တော် တင်ပြလိုပါသည်။ ပထမဆုံးသော အချက်မှာ ဘာသာပြန်ခြင်းသည် ပညာရပ်တစ်ခု ဖြစ်ပါသည်။ ထိုအချက်ကို မေ့လျော့ထား၍ မရပါ။ ပညာရပ်ဟူသော ယာယီအဆိုကို လွယ်ကူအောင် ဓာတုဗေဒဘာသာရပ် သို့မဟုတ် ဘာသာစကားဖြင့် ရှင်းပြလိုပါသည်။ ရေသည် ဟိုက်ဒရိုဂျင် နှစ်ဆ၊ အောက်ဆီဂျင် တစ်ဆဖြင့် ပေါင်းစည်းထားခြင်းမျှသာ ဖြစ်သည်ဟု ဓာတုဗေဒပညာရှင်များက ဆိုပါသည်။ သို့ဖြစ်ရကား စေတနာထက်သန်စွာဖြင့် ဟိုက်ဒရိုဂျင် လေးဆ ထည့်ပေးလိုက်ပြီး ပေါင်းစပ်စေသော် ရေ မဖြစ်တော့ပါ။ အလားတူပင် ဘာသာပြန်ခြင်းသည် မူရင်းစာရေးဆရာထက် ဘာသာပြန်သူက စေတနာထက်သန်၍ မဖြစ်ပါ။ ကာလ၊ ဒေသ၊ ပယောဂ စသည့် အကြောင်းကြောင်းကြောင့် မူရင်းစာရေးဆရာ၏ အရေးအသားကို ဘာသာပြန်သူက လျော့ပါးပစ်ရသည်များ ရှိသော်လည်း ထိုအပြု

mgyoe.com

mgyoe.com SAMPLE BOOK

အမူမျိုးကို မလွှဲမရှောင်သာသည့် အခါမှသာ ပြုလေ့ ရှိကြပါသည်။

ကျွန်တော်သည် ဘာသာပြန်ရန် မရည်ရွယ်သော်လည်း ဘာသာပြန်သည့်အလုပ်ကို လုပ်ခဲ့မိပါသည်။ ပထမဦးဆုံးသော ဆရာမှာ အဖေဖြစ်ပါသည်။ အဖေသည် ကျောင်းဆရာ၊ သတင်းစာအယ်ဒီတာ ဖြစ်ခဲ့သောကြောင့် ဘာသာပြန်လုပ်ငန်း (ဆိုလိုသည်မှာ ဘာသာစကားတစ်ခုမှ အခြားတစ်ခုသို့ အလွှဲအပြောင်းပြုခြင်း) ကို စိတ်ဝင်စားသူ ဖြစ်ပါသည်။ လန်ဒန် ပါဠိအသင်းတော်များကို အိမ်တွင် အခမဲ့ထား၍၊ ဗုဒ္ဓဘာသာ ကျမ်းဂန်များကို ဘာသာပြန်စေခဲ့သူ ဖြစ်ပါသည်။ သို့ဖြစ်၍ ငယ်စဉ်က ကျွန်တော် ဘာသာပြန်သည်များကို ကြည့်ကာ မည်သည်မည်သို့ ဖြစ်သင့်ကြောင်း ရှင်းပြခဲ့ပါသည်။ အဖေက ရှင်းပြသဖြင့် ဘာသာပြန်ခြင်းနှင့် မြန်မာမှုပြုခြင်းကို ကွဲကွဲပြားပြား သိရပါသည်။ အဘယ့်ကြောင့်ဟု ကျွန်တော် သေသေချာချာ မသိသော်လည်း အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခြင်းတွင် ဒဂုန်ရွှေမျှားကို အဖေက စံထားလေ့ရှိပြီး မြန်မာမှုပြုခြင်းတွင် ဆရာကြီး သခင်ဘသောင်းနှင့် ရွှေဥဒေါင်းကို ညွှန်းလေ့ ရှိပါသည်။

ပထမဆုံး ကျွန်တော် ဖတ်ဖူးသော မြန်မာမှုပြု အရေးအသားမှာ ဆရာကြီး သခင်ဘသောင်း၏ 'ပန်းသာမစာဉ' ဖြစ်ပါသည်။ အဖေ့ထံတွင် ဆရာကြီး သခင်ဘသောင်း ပေးထားသော စက်ပရုမှု ရှိပါသည်။ လက်ချုပ်၊ အဖုံး မပါပါ။ အပေါ်ဆုံးစာမျက်နှာတွင် ဆရာကြီး လက်ရေးဖြင့် 'မခါဥ'မှ 'မစာဥ'ဖြစ်သွားရကြောင်း ရေးထားသည်ကို ကျွန်တော်မှတ်မိပါသည်။ ထိုစဉ်က မူရင်းကို အပြည့်အစုံ မဖတ်ဖူးသေးပါ။ စာသင်သားများ ဖတ်ရန် အင်္ဂလိပ်ဘာသာဖြင့်ပင် အကျဉ်းချုပ် အနှစ်ထုတ်ရေးထားသော စာအုပ်ငယ်ကလေးကိုသာ ဖတ်ကြည့်ဖူးပါသည်။ အဘယ့်ကြောင့် ဘာသာမပြန်ဘဲ မြန်မာမှုပြုရသည်ကို မေးသောအခါ၊ အဖေက ဘာသာစကားတိုင်းကို ဘာသာပြန်၍ မလွယ်ကြောင်း ရှင်းပြပါသည်။ ထိုစဉ်က သဘောမပေါက်ပါ။ နောင် အနှစ်သုံးဆယ်ကျော် ကြာမှ သဘောပေါက်ရပါသည်။

ဆရာကြီး သခင်ဘသောင်းကိုယ်တိုင် ပြောခဲ့ဖူးသော အချက်တစ်ခု

mgyoe.com

mgyoe.com
SAMPLE BOOK

မှာလည်း အလွန် အရေးကြီးပါသည်။ ဘာသာပြန်ရာတွင် ကျွန်တော်တို့ ဘာသာစာဖြင့် ပြန်လည်ရေးသား ဖော်ပြနေသည်မှာ ကျွန်တော်တို့ ရေခံမြေခံဖြင့် တည်ဆောက်ထားသော အကြောင်းတစ်ခု မဟုတ်ကြောင်း မေ့မထားစေရန် ဖြစ်သည်။ ယခု အသက်ရလာ၍ အထိုက်အလျောက် လေ့လာခွင့် ရခဲ့ပြီးသောအခါ တောမတ်(စ)ဟာဒီ၏ 'တက်(စ)'ကို ဖတ်တိုင်း အဖေ ပြောပြခဲ့ဖူးသည့် အဘယ့်ကြောင့် တိုက်ရိုက် ဘာသာပြန်၍ မဖြစ်ကြောင်းနှင့် ဆရာကြီး သခင်ဘသောင်း၏ မူရင်းအကြောင်းအရာကို ဖျောက်မပစ်ရန် သတိပေးချက်တို့ကို သဘောပေါက်လာပါသည်။ ဘာသာစကားသည် ဘာသာစကား မည်ကာမျှသာ မဟုတ်ပါ။ ဘာသာစကား၏ အလွယ်တကူ မမြင်ရသော်လည်း နောက်ကွယ်တင် သိတန်းပါနေသော ယဉ်ကျေးမှု၊ လူမှုဆက်ဆံရေးဘဝ၊ အရပ်ဓလေ့ထုံး စသည့် စသည့် အချက်အလက်ပေါင်း များစွာ ပါဝင်နေပါသည်။ အထူးသဖြင့် စာပေအရာမြောက်သည့် အရေးအသားများတွင် ဘာသာစကားကို သိရုံမျှဖြင့် ဘာသာစကားချင်း ဖလှယ်၍ မရပါ။

အချို့ အရေးအသားများသည် အကြောင်းအရာ သက်သက်ကို ရေးထားသည် မဟုတ်၍ ဘာသာပြန်ရာတွင် အလွန် သတိထားရပါသည်။ မူရင်းစာရေးဆရာက သူ၏ ဘာသာစကားကျွမ်းကျင်မှုကို အခြေတည်ကာ ရေးသားထားခြင်းများကို ဘာသာပြန်သူက အကြောင်းအရာပေါ်ရုံမျှသာ ဘာသာပြန်လိုက်လျှင် မူရင်းကို စော်ကားသည်နှင့်သာ တူပါသည်။ အချို့သော ဘာသာစကားအားဖြင့် ရေးသားထားချက်များတွင် အရေးအသား ပင်ကိုကပင်လျှင် စာဖတ်သူ လွယ်လွယ်နှင့် သဘောမပေါက်လောက်ပါ။ ရုံဖန်ရံခါ သဒ္ဒါစည်းကမ်းကို ထိန်းသိမ်းလိုက်သည့်အခါ မြန်မာဘာသာစကားတွင် အလုပ်မရှိ ကြောင်ရေချိုးသူများ ပြောချင်သော 'စာမချောဘူး'ဟူသည့် အဖြစ်အပျက်မျိုး ပေါ်ပေါက်လာရပါသည်။ ထိုအမြင်မျိုး ကျွန်တော့်တွင်လည်း ရှိခဲ့ဖူးပါသည်။ ငယ်စဉ်က ပါဠိဘာသာ လေ့လာနေစဉ် ငယ်ဆရာဖြစ်သော ဖြူးမြို့ ဒက္ခိဏာရုံတိုက်သစ်မှ ဘုန်းကြီးဦးပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ) က ဘုရားသုံးဆူတောင် ဆရာတော် ရှင်နန္ဒမာလာ မြန်မာပြန်သော ဝိသုဒ္ဓိမဂ်ကို အခြေ

mgyoe.com

mgyoe.com
SAMPLE BOOK

ပြု၍ ရှင်းပြဖူးပါသည်။ ဘုရားသုံးဆူတောင် ဆရာတော်မှာ သဒ္ဒါအလွန်ကျွမ်းသဖြင့် သဒ္ဒါစည်းများ ပေါက်မသွားစေဘဲ မြန်မာပြန်ခဲ့ခြင်းဖြစ်ရာ သာမန်လူတို့အတွက် ဖတ်ရခက်နေခြင်းသာ ဖြစ်သည်။ ဤအနေအထားမျိုးတွင် ဘာသာပြန်သူကို အပြစ်မတင်နိုင်ပါ။

ရှည်နေမည် စိုးသဖြင့် ယဉ်ကျေးမှု၊ လူမှုဆက်ဆံရေးဘဝ စသည့် ကျောထောက်နောက်ခံ မတူသော ဘာသာစကားများ ဘာသာပြန်ခြင်းအကြောင်းကို ချန်လှပ်ခဲ့ပါရစေ။ လူမျိုးတစ်မျိုးတည်းအတွင်းမှ ဘာသာစကားအခြေခံ မတူညီမှုတစ်ခုတည်းကို အခြေခံကာ ရေးသားထားသော အရေးအသားများအကြောင်း အကျဉ်းမျှ ရေးပါရစေ။ ဂျပန် စာရေးဆရာကြီးများဖြစ်သော 'ကဝဗတ'၊ 'မိရှိမ' တို့၏ အရေးအသားများနှင့် 'အစ်ရှိဂူရိုး'၏ အရေးအသားများကို ကြည့်လျှင် အလွန်ကွာကြောင်း တွေ့ရပါသည်။ ကဝဗတသည် ရှေးဂျပန်စာအရေးအသားကို အခြေခံကာ ဂျပန်စာဖြင့် ရေးသားခဲ့သူဖြစ်ပြီး၊ မိရှိမမှာ ပြင်သစ်ဘာသာစကားနှင့် စာကို သိကျွမ်းသော စာရေးဆရာဖြစ်ပြီး ခေတ်သစ်အမြင် အခြေခံ ဂျပန်စာဖြင့် ရေးသားခဲ့သူ ဖြစ်ပါသည်။ အစ်ရှိဂူရိုးမှာ အင်္ဂလန်တွင် နေထိုင်ပြီး အင်္ဂလိပ်စာသက်သက်ဖြင့်သာ ရေးသူ ဖြစ်ပါသည်။ ကဝဗတမှာ နားလည်ရ အခက်ဆုံး ဖြစ်သော်လည်း စာကြောင်းတည်ဆောက်ပုံမှာ မိရှိမက ပို၍ ခက်သည်။ ဤအမြင်မှာ ကျွန်တော်၏အမြင်သက်သက် မဟုတ်ပါ။ ကဝဗတ၊ မိရှိမ တို့ကို အခြားဘာသာသို့ ပြန်ဆိုကြသူများ၏ အမြင်လည်း ဖြစ်ပါသည်။ အစ်ရှိဂူရိုးမှာ အင်္ဂလိပ်စာကို အင်္ဂလိပ်တစ် ယောက်ထက် လှအောင် ရေးနိုင်သူ ဖြစ်ပါသည်။ သို့ရာတွင် အစ်ရှိဂူရိုး ရေးသကဲ့သို့ လှအောင် အခြား ဘာသာ၊ စာ၊ စကားသို့ မပြန်နိုင်ပါ။ မည်သို့သော အနေအထားတွင်ပင်ဖြစ်စေ ဘာသာပြန်ရာတွင် ပျောက်ဆုံးသွားသည့် (Lost in translation) ဆိုသကဲ့သို့ပင် မူရင်းနှင့် တစ်သားတည်း မရှိနိုင်မှုများ ရှိနေပါမည်။ အတတ်နိုင်ဆုံး မပျောက်ဆုံးဖို့ လုပ်ရန်မှာ ဘာသာပြန်သူတို့၏ အဓိကတာဝန် ဖြစ်ပါသည်။

လူးစယွန် (Luxun)၊ လောဝ်ရှယ် (Lao She) စသည့် တရုတ် စာရေးဆရာကြီးများမှာ ရေမြေချင်း နီးစပ်သော ဆွေမျိုးပေါက်ဖော်ကြီး

mgyoe.com

mgyoe.com SAMPLE BOOK


များ ဖြစ်ကြပါသည်။ သိသင့်၊ ဖတ်သင့်သော အရေးအသားများ ဖြစ်ပါသည်။ ပို့(စ)မော်ဒန်ကို တလွဲဆံပင်ကောင်းရင်း ဂန္ထဝင်ကို ပြတိုက်ထဲမှာ ထားပါဟု ကြွေးကြော်သူများကမူ ကြိုက်ကြမည် မထင်။ သို့သော် အနောက်တိုင်းက ပို့(စ)မော်ဒန်စာရေးဆရာ အတော်များများမှာ အရှေ့တိုင်း ဂန္ထဝင်များကို လေ့လာခဲ့ဖူးသူ များပါသည်။ ပို့(စ)မော်ဒန် ဖြစ်ချင်လွန်းသဖြင့် 'လူဖြူတို့ လုပ်သမျှ ဟုတ်ပ'ဟု ဆိုနေရန် ကာလတစ်ခု မဟုတ်ပါ။ ပို့(စ)မော်ဒန်ကာလ ဖြစ်သဖြင့် ရှေ့က ရှိခဲ့သမျှကို အသိအမှတ်မပြုဟု ဆို၍ မရနိုင်ပါ။ အရှေ့တွင်လည်း သိစရာများ၊ ကောင်းသည့် အချက်များ၊ ရေမြေတောတောင်၊ သဘာဝတရား၊ ယဉ်ကျေးမှု စသည်များ အများ ရှိနေပါသည်။ အဖြူကောင်များက ပြောသည်ကို နားမလည်သောကြောင့် နားလည်သယောင်ယောင်ဖြင့် မှိန်းပြီး ပြုံးနေသည်ထက် ကိုယ် နားလည်နိုင်သော အတိုင်းအတာအတွင်းမှ ပြုံးစရာရှိသည်များကို ပြုံးသင့်ပါသည်။ ဖတ်ချင်သလို ဖတ်၍ နားလည်ချင်သလို နားလည်ကာ ကြီးကျယ်ခမ်းနားသော အရေးအသားများ မရှိတော့ပါဟု အောက်ဂလိအာ ပို့(စ)မော်ဒန် အမြင်များဖြင့် ဂန္ထဝင်စာပေများကို မတိုက်ခိုက်သင့်ပါ။

လောဝ်ရှယ်၏ ဝတ္ထုတိုများအနက် ကျွန်တော် ကြိုက်သော တစ်ဆယ့်တစ်ပုဒ်ကို ရွေး၍ ထုတ်ဝေသူလက်ထဲ အပ်လိုက်ပါသည်။ ထုတ်ဝေသူက ဆန္ဒရှိသော် လောဝ်ရှယ်၏ အခြားအရေးအသားများကို ဖတ်ကြရပါလိမ့်မည်။ ယခု ဘာသာပြန်များမှာ အမြည်းသဘောမျှသာ ဖြစ်ပါသည်။ လောဝ်ရှယ်၏ လေ (ရေးဟန်) ရရန် ကြိုးစားအားထုတ်ထားပါသည်။ အကြောင်းကြောင်းကြောင့် စာဖတ်သူ ဘဝင်မကျရသော် ဘာသာပြန်သူ၏ ညံ့ဖျင်းမှုဟူ၍သာ သဘောထားကြစေချင်ပါသည်။ ကျွန်တော့်ကို ဘာသာပြန်ရန် အားပေးကြသော ဦးစိုးညွန့် (ထိလာစစ်သူ)၊ ဦးစိုးညွန့် (ရာပြည့်စာအုပ်တိုက်)၊ ဒေါက်တာသန့်လွင်မောင် (မုံရွေးစာအုပ်တိုက်)၊ ဦးမြင့်ကြိုင် (အငြိမ်းစား၊ ယဉ်ကျေးမှုဝန်ကြီးဌာန) နှင့် အစစ ရှင်းလင်းပြသည့် မိတ်ဆွေ ပေါက်ဖော်ကြီးများ အားလုံးကို ကျေးဇူးတင်ရပါသည်။

မြင့်သန်း

mgyoe.com

mgyoe.com SAMPLE BOOK

## လောဝ်ရှယ် (၁၈၉၉-၁၉၆၆)

လောဝ်ရှယ်ဟာ ရှုချင်ချွန်ရဲ့ ကလောင်နာမည်ပဲ။ ချင်ချွန်ဟာ မန်ချူးလူမျိုး မိသားစုက ၁၈၉၉ မှာ၊ ဘေဂျင်းမှာ မွေးလာခဲ့တာ။ ဒီတော့ တရုတ်တွေဘက်က ပြောရရင် ချင်ချွန်ဟာ တရုတ် မစစ်ဘူးလို့ ပြောရမှာပဲ။ ၁၉၁၈ ခု၊ အသက် ဆယ့်ကိုးနှစ်သားလောက်မှာ မူလတန်းကျောင်းအုပ် ဖြစ်လာတယ်။ အသက် နှစ်ဆယ့်သုံးနှစ်သားမှာ ခရစ်ယာန်ဘာသာဝင်အဖြစ် ပြောင်းခဲ့တယ်။ ၁၉၂၄ ခုကနေ ၁၉၃၀ ပြည့်နှစ်အထိ လန်ဒန်က အရှေ့တိုင်းပညာဌာနမှာ သွားပြီး ဆရာလုပ်ခဲ့တယ်။ လန်ဒန်မှာနေတုန်း ချားလ်(စ)ဒစ်ကင်းရဲ့ အရေးအသားတွေ အတော်ဖတ်ပြီး ဒီလိုတော့ဖြင့် ငါလည်း ရေးနိုင်သားလို့ တွေးမိခဲ့ဖူးတယ်။ ဒီလိုနဲ့ **လောဝ်ကျောင်၏ ဒဿနအမြင်လို့** နာမည်ပေးထားတဲ့ ဝတ္ထုရှည်တစ်အုပ်ကို စပြီး ရေးဖြစ်ခဲ့တယ်။ ကျောင်းဆရာ တစ်ယောက်နဲ့ သူ့တပည့်တွေ အကြောင်း ရယ်စရာရေးတာပဲ။ ၁၉၃၀ ပြည့်နှစ်မှာ တရုတ်ပြည်ကို ပြန်တော့ သူ့ကို လူတွေက ဝတ္ထုရေးဆရာတစ်ယောက်အနေနဲ့ လက်ခံကြ

mgyoe.com

mgyoe.com
SAMPLE BOOK


ပြီးသား ဖြစ်နေတယ်။ နောက်နှစ် သူ့အသက် သုံးဆယ့်နှစ်နှစ်မှာ ဘေဂျင်း တက္ကသိုလ်ကျောင်းသူ ဟူဂျေချင်းနဲ့ အိမ်ထောင်ပြုလိုက်တယ်။ ၁၉၃၀ က ၁၉၃၆ အထိ လောဝ်ရှယ်ဟာ ဂျိနန်းမြို့က ချိလူတက္ကသိုလ်နဲ့ ရှန်တောင် တက္ကသိုလ်တွေမှာ ဆရာလုပ်တယ်။ ၁၉၃၇ မှာ ဂျပန်နဲ့ စစ်ဖြစ်လာတော့ လောဝ်ရှယ်ဟာ ဝူနန်းမှာ သွားနေထိုင်ရင်း တရုတ်နိုင်ငံလုံးဆိုင်ရာ အနုပညာသည်နဲ့ စာရေးဆရာတွေရဲ့ ကျူးကျော်စစ် ဆန့်ကျင်ရေးအဖွဲ့မှာ ဦးဆောင်ခဲ့တယ်။ နောက်နှစ်မှာတော့ စီရွှမ်းပြည်နယ်က ချုံကင်းမြို့ကို ပြောင်းရွှေ့နေထိုင်ခဲ့တာ စစ်ပြီးသွားတဲ့ ၁၉၄၅ ခုနှစ်အထိပဲ။ ၁၉၃၇ မှာ သူ့ရဲ့ နာမည်ကျော် **ကုလားအုတ်လို့ခေါ်တဲ့ ကံကောင်းတဲ့ငနဲ** စာအုပ် ထွက်လာတယ်။ အနောက်နိုင်ငံတွေမှာတော့ ၁၉၄၅ ခုနှစ်လောက်မှာ **လန်ချားသမား** ဆိုတဲ့ နာမည်နဲ့ ဘာသာပြန်ထုတ်ဝေတာ သိပ်ပြီး အောင်မြင်ခဲ့တယ်။ ၁၉၄၆ မှာ အမေရိကန်နိုင်ငံက အလည်ခေါ်လို့ သွားတာ အတော်ကြာအောင် နေဖြစ်ခဲ့လို့ ၁၉၄၉ ခုနှစ်မှ တရုတ်ပြည်ကို ပြန်ဖြစ်တော့တယ်။ ၁၉၅၀ ပြည့်နှစ်မှာ ဝတ္ထုတို၊ ပြဇာတ်နဲ့ စာပေအနုပညာဆိုင်ရာ အရေးအသားတွေ အတော်များများ ရေးဖြစ်ခဲ့တယ်။ တရုတ်နိုင်ငံလုံးဆိုင်ရာ စာပေနဲ့ အနုပညာရှင်များအဖွဲ့ရဲ့ ဘေဂျင်း ဌာနခွဲ ဥက္ကဋ္ဌ ဖြစ်လာတယ်။ ဒါပေတဲ့ ၁၉၄၉ မတိုင်ခင် သူ ရေးခဲ့တဲ့ အရေးအသားတွေဟာ ကာလတရားနဲ့ ဆီလျော်အပ်စပ်မှု မရှိဘူးလို့ ဝေဖန်ခံလာရရုံတင် မကဘူး။ ၁၉၆၆ ခုလောက်မှာ တပ်နီတော်ရဲ့ စွပ်စွဲချက် အမျိုးမျိုး ခံခဲ့ရတယ်။ သြဂုတ်လ မကုန်ခင် တိမ်းပါးသွားခဲ့တယ်။ သူ မျက်ကွယ်ပြုသွားပြီး တစ်ဆယ့်နှစ်နှစ်အကြာ ၁၉၇၈ ခုနှစ်မှာတော့ သူ့အပေါ် တင်ခဲ့တဲ့ စွဲချက်တွေကို ပလပ်လိုက်ပြီး နိုင်ငံတော်ရဲ့ရှာပနအဖြစ် တရားဝင် ကျင်းပပေးခဲ့တယ်။ အခုတော့ ဘေဂျင်းမှာ လောဝ်ရှယ်နေသွားတဲ့အိမ်ကို ပြတိုက်လုပ်ထားတယ်။ လောဝ်ရှယ်ဟာ ခေတ်သစ်တရုတ် စာရေးဆရာကြီးတွေအထဲမှာ အသောဖောက် ရေးတတ်တဲ့ စာရေးဆရာကြီးလို့ တစ်ကမ္ဘာလုံးက စာဖတ်သူတွေ၊ ပညာရှင်တွေက တညီတညွတ်တည်း လက်ခံကြရတယ်။ ၂၀၀၄ ခုနှစ်ဟာ လောဝ်ရှယ် မွေးတာ ၁၀၅ နှစ်ပြည့်လို့ ဘေဂျင်းမှာ အပြည်ပြည်ဆိုင်ရာက စာရေးဆရာတွေ

mgyoe.com

mgyoe.com SAMPLE BOOK

တွေ့ဆုံပွဲ လုပ်ပါတယ်။ သူ့သမီး 'ရှုဂျီ'က ဦးဆောင်တယ်။ အနောက်တိုင်း စာပေနဲ့ ဘာသာပြန်ခဲ့တဲ့ လူတွေ အတော် တက်ရောက်ခဲ့ကြပါတယ်။ ကမ္ဘာကျော် တရုတ် စာရေးဆရာကြီးအနေနဲ့သာ မဟုတ်ဘူး၊ ရေမြေချင်း နီးစပ်မှုရှိတဲ့ စာပေ ပညာရှင်ကြီးတစ်ဦးရဲ့ အားထုတ်မှုတွေကို မြန်မာ စာဖတ်ပရိသတ်တွေအနေနဲ့ သိသင့်တယ် ထင်ပါတယ်။ ဖတ်ကြည့်သင့်ပါတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# ခမ်းနားသောဖွင့်ပွဲ*

[ဆရာကြီး လောဝ်ရှယ်က ဒီဝတ္ထုမှာ သူ့ဇာတ်ကောင်တွေကို တွန်းပြီး သရော်ခိုင်းထားတယ်။ သရော်ထားပုံတွေကတော့ အဆင့်အမျိုးမျိုးလို့ ဆိုရလိမ့်မယ်။ ဒါပေမဲ့ အဲဒီအချိန်၊ အဲဒီအခါက လူ့အဖွဲ့အစည်းထဲမှာ ဖြစ်ပျက်နေခဲ့တာတွေကို သရော်တာလည်း ပါတယ်။ ဆိုလိုတာက ဝတ္ထုတစ်ပုဒ်အနေနဲ့ (အရေးအသားတစ်ခု သက်သက်အနေနဲ့) ရေးသားထားခြင်း အတွင်းမှာတင် သရော်ထားပုံမျိုး မဟုတ်ဘူး။ ဒီဝတ္ထုကို ပြောပြနေတဲ့ သူဟာ သရော်နေသမျှကို ကျေနပ်နေတယ်။ ဒါပေတဲ့ စာဖတ်သူ ကိုယ်တိုင်ကလည်း သူနဲ့အတူ လိုက်ပါပြီး ကျေနပ်ကြရတယ်။ ဒီလိုဖြစ်ရတာက လောဝ်ရှယ်က စာဖတ်သူကို ဝတ္ထုပြောပြနေသူရဲ့ စိတ်ထဲက ကြည့်မြင်နေသလို မြင်အောင် ရေးသားထားလို့ပဲ။ ခေတ်အဆက်ဆက်၊ ကာလတရားအမျိုးမျိုးမှာ အကြံအဖန်သမားကတော့ ရှိနေတာပဲ ဆိုတာကိုလည်း မြင်စေချင်တယ်]

---

* The Grand Opening

mgyoe.com

mgyoe.com SAMPLE BOOK

ဝါန်းရယ်၊ ချူရယ် ကျွန်တော်ရယ် စပ်ပြီး ဆေးရုံတစ်ခု ဖွင့်ကြတယ်။ ဝါန်းရဲ့မိန်းမက သူနာပြုဆရာမချုပ် ဖြစ်လာမယ်။ အရင်ကတော့ ရိုးရိုး သူနာပြုဆရာမပဲ။ ယောက်ျားရတော့ ဆရာဝန်ကတော်ရယ်လို့ အဆင့်တက်သွားရာက အခု သူနာပြုဆရာမချုပ် ဖြစ်လာမှာ။ ချူရဲ့ ယောက္ခမအထီးကြီးကတော့ လုပ်ငန်းပိုင်းဆိုင်ရာ မန်နေဂျာနဲ့ စာရင်းကိုင်အဖြစ် တာဝန်ယူမယ်။ ဒီကိစ္စတွေ အားလုံးအတွက် ဝါန်းနဲ့ ကျွန်တော်ညှိပြီးပြီ။ တကယ်လို့များ ချူရဲ့ယောက္ခမကြီးက စာရင်းလိမ်တာတို့၊ အလွဲသုံးစားလုပ်တာတို့တွေများ လုပ်လာခဲ့ရင် ဝါန်းနဲ့ ကျွန်တော်က အဘိုးကြီးရဲ့ သမက်ကို ပညာပေးရုံပဲ။ အပြတ်ကိုင်ရုံပဲ။ ဒီတော့ ချူက သူ့ယောက္ခမကြီးအတွက် အာမခံ တင်ထားရတာမျိုး။ ဝါန်းနဲ့ ကျွန်တော်က ဒီကိစ္စမှာ အမာခံတွေ။ ဆေးရုံဖွင့်မယ်ဆိုတဲ့ အကြံကိုက ကျွန်တော်တို့ နှစ်ယောက်ရဲ့ အကြံ။ ကျွန်တော်တို့က ခေါ်လို့ ဝါန်းက နောက်မှ ပါလာတာ။ သူ့ကို တော့ မျက်စိဒေါက်ထောက် ကြည့်ရမှာပဲ။

ဘယ်လိုမျိုး စီးပွားရေးလုပ်ငန်းကိုပဲ လုပ်လုပ်၊ လုပ်ကိုင်ကြတဲ့ လူအရေအတွက်က ဘယ်လောက်ပဲ နည်းနည်း၊ သူ့လူ ကိုယ့်လူရယ်လို့ အုပ်စုခွဲတာကလေးကတော့ ရှိရမှာပဲ။ အဲဒီလိုမှ မလုပ်ရင် လုပ်ငန်းတစ်ခုလုံးအပေါ် သိပ်ပြီး ဂရုမစိုက်သလိုမျိုး ဖြစ်နေမှာပဲ။ မဟုတ်ပေဘူးလား။ ဒီတော့ ကျွန်တော်တို့ ဘယ်လို အုပ်စုခွဲမယ်ဆိုတာကို တင်ကူးပြီး စီမံထားလိုက်ကြတယ်။ ဝါန်းနဲ့ ကျွန်တော့်အုပ်စုထဲမှာ ချူ မိန်းမကို ထည့်ရမယ်။ ဒါမှ တစ်ခုခုအပေါ် မဲခွဲကြရင် ကျွန်တော်တို့က သုံးမဲ၊ သူက တစ်မဲတည်း။ သူ့ယောက္ခမကြီးက ဝါန်းဘက်က ပါကောင်း ပါမယ်။ အဘိုးကြီးက အိုလှပြီ။ ဝါန်း မိန်းမက ကျွန်တော်တို့အုပ်စုထဲ ပါနေမှတော့ အဘိုးကြီးကိစ္စကို သူ့စရိတ်နဲ့သူ ရှင်းပါလိမ့်မယ်။

ချူနဲ့ ပတ်သက်လို့ ချီးမွမ်းစရာ ရှိတာကလေးကိုတော့လည်း ချီးမွမ်းရဦးမယ်။ သူ့ဟာနဲ့သူ တော်တဲ့အပိုင်း ရှိတယ်။ လိပ်ခေါင်းဖြတ်ရာမှာ တော်တယ်။ ဓားကိုင်ကောင်းတဲ့ လူတစ်ယောက် သူ့အလုပ်မှာ သူ တော်တယ် ဆိုတာကဖြင့် ဝမ်းမြောက်စရာပဲ။ ဒါကြောင့်မို့ပဲ သူ့ကို ကျွန်တော်တို့ လုပ်ငန်းထဲကို ဖိတ်ခေါ်ခဲ့တာ။ တကယ်လို့များ သင်းက

mgyoe.com

mgyoe.com
SAMPLE BOOK

လူလည်ကျလာခဲ့ရင်တော့ သူ့ရဲ့ ခွဲစိတ်ကုသရာမှာ ကျွမ်းကျင်တာတွေ အသာ မေ့ထား၊ ကောင်းကောင်းကြီး ဆုံးမပေးရမယ်။

ကျွန်တော်ကတော့ စားဆေးသောက်ဆေးပိုင်းမှာ တာဝန်ယူမယ်။ ဝါန်းကတော့ ကာလသားရောဂါကို တာဝန်ယူမယ်။ ချူကတော့ လိပ်ခေါင်းကိစ္စနဲ့အတူ ခွဲစိတ်ကုသမှုအပိုင်း။ ဝါန်း မိန်းမက သားဖွားမီးယပ်အပိုင်းကိုလည်း တာဝန်ယူမယ်။ သူနာပြုဆရာမချုပ် အဖြစ်လည်း တာဝန်ယူမယ်။ ဆေးရုံမှာ အားလုံးပေါင်း ဌာနလေးခု ရှိမယ်။ မှန်ရာကို ရဲရဲကြီး ဝန်ခံရရင်တော့ စားဆေးသောက်ဆေးပေးတဲ့ ဌာနကို ဖွင့်တာကတော့ ဘာအကျိုးအမြတ်မှ မျှော်မှန်းမထားဘဲ ဖွင့်တာ (တစ်ပြား ပေးရင် တစ်ပြားတန်တဲ့ဆေး ရမယ်)။ ပိုက်ဆံရစေရဲ့ သဘောနဲ့ ဖွင့်တာ မဟုတ်ဘူး။ လိပ်ခေါင်းဖြတ်တဲ့ဆီက ပိုက်ဆံရဖို့ တွက်ထားတယ်။ ပြောရရင် တော့ ဝါန်းနဲ့ ချူ ဌာနတွေဆီက ပိုက်ဆံရမယ်လို့ တွက်ထားတာ။ သူတို့နှစ်ယောက်က အဓိက ဇာတ်ကောင်တွေ။ ကျွန်တော်နဲ့ ဝါန်းရဲ့ မိန်းမက ဇာတ်ပို့။ ဝါန်းရဲ့မိန်းမက ဆရာဝန်တော့ မဟုတ်ဘူး။ မီးယပ်သားဖွားနဲ့ပတ်သက်လို့ အတွေ့အကြုံရှိတယ်။ တခြား အတွေ့အကြုံ မရှိတောင် သူ့မှာ ကလေးနှစ်ယောက် ရှိတော့ ဒီအပိုင်းမှာ အတွေ့အကြုံ ရှိတယ်လို့ ပြောရမှာပဲ။ တကယ့် ဆေးပညာအခြေခံ မီးယပ်သားဖွား ဆိုင်ရာ အတွေ့အကြုံ ဆိုရင်တော့ ...။ ဒီလိုပဲ ပြောစို့ရဲ့။ ကျွန်တော့်မှာသာ မိန်းမရှိရင် ဝါန်းရဲ့မိန်းမကိုတော့ အကူမခိုင်းဘူး။ ဒါပေတဲ့ သူ့မှာ တကယ့်အရည်အချင်း ရှိတာ၊ မရှိတာက တစ်ပိုင်း။ ကျွန်တော်တို့ ဆေးရုံမှာ မီးယပ်နဲ့ သားဖွားဆိုင်ရာဌာန ရှိဖို့လိုတာက တစ်ပိုင်း။ ကလေး မွေးတဲ့ကိစ္စ က ပိုက်ဆံလိုမ့်ရတဲ့ လုပ်ငန်း။ ချောချောမောမော ကလေး မွေးတယ်ပဲ ထား။ ကလေးအမေက ဆေးရုံမှာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက် ဆက်နေချင်သေးတာ။ ထမင်းကလေးနဲ့ ဟင်းချိုရည်ကလေးပဲ ကျွေးထားဦး။ ငွေရေးကြေးရေးအရတော့ ကိုက်နေသေးတာပဲ။ နေ့တွက် စီတယ် ဆိုရမှာပေါ့။ ကလေးမွေးရာမှာ ရှောရှောရှူရှူ မရှိခဲ့ပြန်ရင်လည်း ဆေးရုံမှာက ဆက်နားနေဖို့ လိုဦးမှာကိုး။ ဒါမျိုးကျရင် ဘယ်ယောက်ျား ကမှ ကန့်ကွက်နေမှာ မဟုတ်ဘူး။ ဒီတော့ ဆေးရုံအတွက်က သပိတ်ဝင်

mgyoe.com

mgyoe.com SAMPLE BOOK

အိတ်ဝင်။

ဆေးရုံဖွင့်မယ့်ရက် ရောက်လာတယ်။ ကျွန်တော်တို့ လုပ်ငန်း စကြတော့မယ်။ ဆေးရုံနာမည်က လူထုဆေးရုံ။ မြို့က သတင်းစာတွေ ထဲမှာ ပြီးခဲ့တဲ့ နှစ်ပတ်လောက်က စလို့ ပွဲနေခဲ့တာ။ နာမည်က အသေ အချာ ရွေးထားတာ။ ကနေ့ကာလမှာက ဘယ်လိုမျိုး ပိုက်ဆံရပေါက် ရလမ်းတွေနဲ့ လုပ်လုပ်၊ လူထုဆိုတာကလေးကို မေ့ထားလို့ မရဘူး။ ဒီလူတွေဆီက ပိုက်ဆံကိုမှ မရိတ်ရင် ဘယ်သူ့ဆီက ပိုက်ဆံ သွားရိတ် ရမှာတုံး။ ဒါဟာ အမှန်တရားပဲ မဟုတ်လား။ ဒီအကြောင်းတွေကိုတော့ ဖြင့် ကြော်ငြာထဲ ထည့်မရေးဘူးပေါ့။ လူထု ဆိုတာမျိုးကလည်း အမှန် တရားအကြောင်းမှ စိတ်မဝင်စားကြပဲ။ ကျွန်တော်တို့ ရေးလိုက်တဲ့ ကြော်ငြာက ဒီလို ...

**လူထုအတွက် အနစ်နာခံရင်း**
**လူထုရဲ့ ကျန်းမာရေးကို ရှေးရှုရင်း ...။**
**နည်းပညာမှာ ဆေးပညာထိပ်တန်း**
**အဖိုးအခမှာ သာမန်လူထု အဆင့်အတန်း ...။**
**အရှေ့ အနောက် ဆေးပညာတို့ ပေါင်းစည်းရာ**
**ကျွန်ုပ်တို့ ဆေးပညာမှာ လူတန်းစားခွဲခြားမှု မရှိပါ ...။**

ခြုံပြောရရင်တော့ ကြော်ငြာခက အတော်ကုန်တယ်။ ကျွန်တော် တို့ အရင်းထဲက အတော်ကလေး ပါသွားတယ်။ ဒါပေတဲ့ သုံးလိုက်ရကျိုး နပ်တယ်ဆိုတာ ကျွန်တော်တို့ သိတယ်။ သိဆို လူတွေကို ဆေးရုံဆီ အသာ ဖြားယောင်းသွေးဆောင်လာနိုင်ခဲ့ရင် ကျန်တဲ့အပိုင်းကတော့ ငြိမ့် ငြိမ့်ကလေးနဲ့ ငွေသိမ်းရုံပဲကိုး။

ကျွန်တော်တို့ရဲ့ ကြော်ငြာအရတော့ ဆေးရုံရဲ့ အရွယ်အစား၊ ပမာဏကို တွက်ကြည့်လို့ရမယ် မထင်ဘူး။ ကြော်ငြာအရတော့ သုံးထပ် တိုက်ကြီး။ အမှန်မှာတော့ အဲဒီ သုံးထပ်တိုက်ကြီးထဲက ပထမထပ်မှာ ရှိတဲ့ အခန်းခြောက်ခန်းပဲ ကျွန်တော်တို့နဲ့ ဆိုင်တယ်။ ကျန်တာက ကုန်

mgyoe.com

mgyoe.com SAMPLE BOOK

ပို့ဆောင်တဲ့ လုပ်ငန်းက ပိုင်တယ်။ ကြော်ငြာထဲက ဓာတ်ပုံကတော့ တစ်တိုက်လုံးကို ရိုက်ထားတာ။

အားလုံးဟာ ကျွန်တော်တို့ စိမ်ထားတဲ့အတိုင်းပဲ။ ပထမ အပတ်မှာတော့ အပြင်လူနာဌာနမှာ လူနာတချို့ တွေ့ရတယ်။ လူထုလူတန်းစား အသီးသီးရဲ့ ကိုယ်စားလှယ်တော် လူနာတွေဖြစ်လို့ အမှန်အတိုင်း သင့်လျော်သလို စောင့်ရှောက်ခဲ့ပါတယ်။ ဒီလို ...။ လူနာတွေကို ကြည့်ပြီး တခြားလူနာတွေထက် နည်းနည်း ပိုက်ဆံပိုရှိမယ်လို့ ထင်ရတဲ့ လူတွေကို သတ်သတ်ခွဲထုတ်လိုက်တယ်။ သူတို့မှာ ဘာရောဂါပဲ ဖြစ်နေဖြစ်နေ၊ ဆိုဒါရည်တစ်မျိုးစီကို သောက်ဆေးအနေနဲ့ ပေးလိုက်တယ်။ တစ်ပတ်လောက်ကြာအောင် ကျွန်တော်တို့ ကြံဖန်လှည့်ပတ် လုပ်နေကြပေတဲ့ ဘယ်သူ့ဆီကမှ မတော်မတရား ပိုက်ဆံမယူခဲ့ပါဘူး။ ဒါမျိုးကလည်း ကျောက်တုံးကို ရေညှစ်သလို လုပ်လို့မှ မရပဲ။ လူထုရဲ့ကိုယ်စားလှယ်တော် လူနာတွေအထဲဆီက မွဲတေလွန်းလှတဲ့ လူတွေကိုတော့ ဆိုဒါရည်တောင်မှ မပေးတော့ဘူး။ ဆေးပေးဖို့အတွက် ခင်ဗျားတို့က ညစ်ပတ်နေလွန်းလှတယ်။ ခင်ဗျားတို့ မျက်နှာကလေးမှ သန့်သန့်ပြန့်ပြန့် မရှိရင် မေတ္တာလက်ဆောင်အနေနဲ့ ပေးတဲ့ ဆေးကလည်း အာနိသင်ရှိမှာ မဟုတ်ဘူး။ အိမ်ပြန်၊ ရေမိုးချိုးပြီးမှ လာခဲ့။ လာခဲ့ ဆိုပေတဲ့ တစ်နေ့နေ့ပေါ့လို့ အသာပြောပြီး ပြန်လွှတ်လိုက်ရတယ်။

တစ်ညနေတော့ အရေးပေါ်အစည်းအဝေး ခေါ်လိုက်ရတယ်။ အဲဒီနေ့က လူထုထဲက လူနာတွေနဲ့ အတော့်ကို အလုပ်များရတဲ့နေ့။ ဒီညစ်တီးညစ်ပတ် လူထုထဲက လူတွေ ဆိုတာနဲ့ လုပ်ရလို့တော့ဖြင့် ကျွန်တော်တို့ စီးပွားမဖြစ်လောက်ဘူးဆိုတာ အားလုံးက သဘောတူကြတယ်။ ဒီတော့ လူထုထဲက လူတွေ၊ သိပ်မဟုတ်သူတွေကို ဘယ်လို ဖြားယောင်းသွေးဆောင်နိုင်မယ်ဆိုတာကို စဉ်းစားကြရတော့တယ်။ ဆေးရုံနာမည်ကို လူထုဆေးရုံလို့ ခေါ်မိတာကိုက ပထမဦးဆုံး အမှားတစ်ခုပဲဆိုတာ လက်ခံလာကြရတယ်။ လူထုဆိုတဲ့ အပိုင်းထဲက လူတွေကတော့ လာပါရဲ့။ အဲဒီ လူထုထဲက လူတွေဆိုတဲ့ ညစ်တီးညစ်ပတ် လူတွေက လူချမ်းသာတွေကို ခြောက်လှန့်ထုတ်နေသလိုပဲ။ ဒီလိုနဲ့တော့ ကျွန်တော်တို့ ဝက်

mgyoe.com

mgyoe.com SAMPLE BOOK

မဖန်နိုင်ဘူး။ ဆေးရုံဆိုတာက ရေနံဆီရောင်းတဲ့ဆိုင် မဟုတ်ဘူး။ ရေနံဆီဆိုတာက လူတိုင်း သုံးတယ်။ ဆေးရုံဆိုတာက လူတိုင်း လာတဲ့နေရာ မဟုတ်ဘူး။ ဒီလိုမျိုး အရေးကြီးလှတဲ့ အမှန်တရားကိုသာ စောစောက သိခဲ့ရင် ကျွန်တော်တို့ ဆေးရုံကို အထက်တန်းလွှာ ဆေးရုံရယ်လို့ နာမည်ပေးမှာ။ ကျွန်တော့်စိတ်ကူးထဲမှာတော့ ဝါန်းတစ်ယောက် သူ့ရဲ့ ခွဲစိတ်ကုသတဲ့ ဓားကို ခွဲစိတ်ကုသဖို့ ပိုးသတ်တာ အကြိမ်ကြိမ်ပဲ။ ဒါပေတဲ့ လိပ်ခေါင်းလာဖြတ်တဲ့သူ တစ်ယောက်မှ မရှိသေးဘူး။ တကယ်တော့ လိပ်ခေါင်းဆိုတာ လူချမ်းသာတွေမှာမှ ရှိကြတာ။ ခုထိတော့ ချမ်းသာတဲ့ ကိုရွှေလိပ်တို့က လူထုဆေးရုံကို လာပြီး အဖြတ်ခံမယ့်ပုံ မပေါ်သေးဘူး။

နောက်ဆုံးတော့ ဝါန်းဆီက အကြံတစ်ခု ထွက်လာတယ်။ မနက်ဖြန် မိုးလင်းတာနဲ့ ကားတစ်စီး ငှားရမယ်။ ပြီးရင် ကျွန်တော်တို့ တစ်လှည့်စီ လုပ်ကြရမယ့် အလုပ်ရှိတယ်။ အဲဒါက သူက သူ့ဘွားအေကြီး ခေါ်လာမယ်။ ကျွန်တော်က ကျွန်တော့်ကြီးတော်ကြီးကို ခေါ်လာရမယ်။ အဲဒီကားနဲ့ ဆေးရုံအပေါက်ဝအထိ မောင်းလာ။ အပေါက်ဝ ရောက်တာနဲ့ သူနာပြုဆရာမကလေးတွေက ဆင်းပြီး ကြို။ အဲသလိုမျိုး အကြိမ်သုံးဆယ်လောက် ကြုံရာ၊ ရရာ ဆွေမျိုးတွေ ခေါ်လာနိုင်ခဲ့ရင် လူတွေ အနေနဲ့ အထင်မကြီးဘဲကို မနေနိုင်တော့ဘူး။ ပတ်ဝန်းကျင်က ရှိရှိသမျှ ပုလိပ်တွေ၊ ဖြတ်သွားဖြတ်လာတွေ ...။ ဘယ်သူပဲဖြစ်ဖြစ် အရေးတယူ လုပ်လာကြရမယ် ဆိုပဲ။ ဒီလိုဆိုတော့လည်း ဒီကောင်ကြီး ဝါန်းက သဘောကျစရာ အကောင်းသား။

'ဒီတော့ တို့ ကားငှားကြမယ်။ လမ်းပေါ်မှာ မောင်းဖို့ မသင့်တော့ဘူးဆိုတဲ့ ကားအပါအဝင် ရသမျှ ငှားမယ်'လို့ ဝါန်းက ထပ်ပြောတယ်။

'ဘာလုပ်ဖို့တုံး'

'ကားငှားမယ့် မက္ကင်းနစ်နဲ့ ငါ ညှိပြီးပြီ။ ပြင်ဖို့ လာအပ်ထားတဲ့ ကားတချို့ကို ပေါပေါနဲ့ ငှားမယ်တဲ့။ အဲဒီကားတွေကို ဆေးရုံရှေ့မှာ ရပ်ထားမယ်။ မကြာခဏ ဟွန်းတီးပေးရမယ်။ ကားဟွန်းသံတွေကို လူတွေက စိတ်ဝင်စားလာကြမှာ။ ဟွန်းသံကြားတိုင်း ဆေးရုံထဲက လူမမာတွေကလည်း နောက်ထပ် ကားတွေနဲ့ လူမမာတွေ ရောက်လာပြန်ပြီလို့

mgyoe.com

mgyoe.com SAMPLE BOOK

တွေးကြည့်ကြမှာ။ ဖြတ်သွားဖြတ်လာတွေကလည်း ဆေးရုံရှေ့မှာ ကားတွေကို တွေ့တာနဲ့ စိတ်ဝင်စားစရာ ဖြစ်လာကြမှာ မဟုတ်ဘူးလား။ စဉ်းစားကြည့်ကြစမ်း'

နောက်နေ့ မနက်မှာတော့ ချမှတ်ထားတဲ့အတိုင်း ဆွေမျိုးတွေကို သွားခေါ်တယ်။ ဆေးရုံမှာ လက်ဖက်ရည်တစ်ခွက်လောက် တိုက်ပြီး အိမ်ပြန်မောင်းပို့လိုက်တယ်။ သူနာပြုဆရာမ နှစ်ယောက်ကို ဆေးရုံအပြင်ဘက်မှာ စောင့်နေခိုင်းထားပြီး 'လူမမာတွေ' လာတယ် ဆိုတာနဲ့ ချက်ချင်း ပြေးကူဖို့။ တစ်နေကုန် ဆေးရုံရှေ့ဘက် တံခါးကနေ လူနာတွေ ဝင်လိုက်၊ ထွက်လိုက် ဖြစ်အောင် ကျွန်တော်တို့က စီစဉ်ထားလိုက်တယ်။ မနက်လင်းတယ်ဆိုကတည်းက မက္ကင်းနစ်ဆီက ကားတွေ ရောက်လာပြီး ဆေးရုံရှေ့မှာ ရပ်ထားတယ်။ ငါးမိနစ် တစ်ကြိမ်လောက် ဟွန်းတီးဖို့လည်း မှာထားတယ်။ ကင်မရာယူလာပြီး ဓာတ်ပုံရိုက်မယ် လုပ်တော့ ဆူဆူညံညံ ရုတ်စုရုတ်စု ဖြစ်နေတာနဲ့ ပတ်ဝန်းကျင်က ကလေးတွေ အုံလာပြန်ရော။ သင်းတို့ကိုလည်း လိုက်မောင်းနေရသေးတယ်။ မဟုတ်ရင် ဓာတ်ပုံထဲ သင်းတို့က ကန့်လန့်ပါနေမှာမို့။ ဓာတ်ပုံကောင်းတစ်ပုံ ရတာနဲ့ ညနေဘက်ထုတ် သတင်းစာထဲမှာ ဓာတ်ပုံနဲ့တကွ ဖော်ပြဖို့ သတင်းစီစဉ်ရပြန်တယ်။ ဒီကိစ္စကိုတော့ ချူရဲ့ ယောက္ခမကြီးကို တာဝန်ပေးလိုက်တော့ သူကလည်း ရေးက အရေးအသားမျိုးနဲ့ အခန့်ရေးတော့တာ။ ဆေးရုံရှေ့က ကားတန်းကြီးရဲ့ အံ့မခန်းဖွယ်ကောင်းပုံ၊ ဘာဘာညာညာ။ အဲဒီညဘက်ကတော့ ကျွန်တော်တို့တစ်တွေ ဘာမှ မစားနိုင်ကြတော့ဘူး။ တစ်နေကုန် ဟွန်းတီးသံတွေ နားခံထားရတာမို့ အားလုံးလိုလိုကတော့ အန်ချင်နေကြတော့တယ်။

ဘာကြီးပဲဖြစ်ဖြစ် ဝါန်းကိုတော့ ချီးကျူးရမှာပဲ။ နောက်တစ်နေ့ မိုးလင်းလို့ ဆေးရုံတံခါးတွေ ဖွင့်လိုက်တယ်ဆိုရင် ဆေးရုံရှေ့မှာ ကားကြီးတစ်စီး ထိုးဆိုက်လာတာ တွေ့ရတယ်။ ကားထဲက စစ်အရာရှိ တစ်ယောက် ထွက်လာလေရဲ့။ ဝါန်းလည်း ခရီးဦးကြိုပြုဖို့ တက်သုတ်ရိုက်ထွက်သွားလိုက်တာ ဆေးရုံရှေ့က တံခါးမကြီးဟာ သူ့အရပ်နဲ့ မလွတ်တတ်ဘူးဆိုတာကို မေ့သွားပုံရတယ်။ ခေါင်း ဖုသွားရှာတယ်။ ဒါပေတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

သူက မမှုဘူး။ ကာလသားရောဂါအတွက် အကုသခံမယ့်လူ ရလို့ တော်တော်ကြီးကို ပျော်သွားတာ။ တင်းပုတ်နဲ့ နောက်ထပ် လေးငါးချက် ထုတောင် ဝါန်းတစ်ယောက် သတိထားမိမယ် မထင်ဘူး။

အရာရှိမင်းနဲ့ အထိုက်အလျောက် ပြောဆိုပြီးတဲ့နောက် ဝါန်းက ၆၀၆၂ ... ထိုးပေးဖို့ ပြင်ဆင်တယ်။ ကျွန်တော်တို့ဆေးရုံက သူနာပြုဆရာမ ခပ်လှလှ နှစ်ယောက်က အရာရှိမင်းရဲ့ ယူနီဖောင်းကို ကြယ်သီးဖြုတ်ပေးကြတယ်။ သိပ်မကြာလှဘူး။ ဒဏ်ရာရ စစ်သည်တော်ကြီးကို အင်မတန် နူးညံ့တဲ့ အမျိုးသမီးလက် လေးဖက်က နေသာထိုင်သာရှိအောင် အသာ ပြုစုပေးလိုက်ကြတယ်။ ဝါန်းရဲ့မိန်းမ ရောက်လာပြီး ဘယ်နေရာမှာ ဆေးထိုးရမယ်ဆိုတာကို သူ့လက်ညှိုး ခပ်တုတ်တုတ်နဲ့ အသာ တို့ပြလိုက်တော့ ဝါန်းက ဆေးထိုးချလိုက်ရော။ အရာရှိမင်းကတော့ သူနာပြုဆရာမ နှစ်ယောက်ဆီမှာပဲ အာရုံက ရောက်နေလေရဲ့။ တခြား ဘာကိုမှ မြင်ပုံမရဘူး။ ပါးစပ်ကလည်း 'နိပ်သဟေ့'တဲ့။

'နောက်တစ်ချီ ထိုးပေးလိုက်စမ်းပါဦး'လို့ ကျွန်တော်က ဘေးနားကနေရင်း ဝါန်းကို အကြံပေးလိုက်တယ်။ ဒါပေတဲ့ ချူက ကျွန်တော့်အကြံအစည်မျိုးကို အစောကြီးကတည်းက ရထားပုံ ရတယ်။ ချူရဲ့ မျက်လုံးထဲမှာ ပိုက်ဆံတွေ ကခုန်နေတာကို မြင်လာရတယ်။ သူကလည်း အရာရှိမင်းကို ဆေးတစ်လုံး ထိုးပေးမယ်ရယ်လို့ ချဉ်းကပ်လာတယ်။ သူ့ဆေးထိုးတံထဲက အရောင်ကိုကြည့်ပြီး ပြောရရင်တော့ စံပယ်နံ့သင်းထားတဲ့ ရေနွေးကြမ်းနဲ့ ဆားကို ဖျော်ထားတာပဲ ဖြစ်မယ်။ ဝါန်းကလည်း ချူ ဘာလုပ်မယ်ဆိုတာ ရိပ်မိလို့ အရာရှိမင်းရဲ့လက်နှစ်ဖက်ကို ကိုင်ထားပေးဖို့ သူနာပြုဆရာမကလေးတွေကို ပြောလိုက်တယ်။ အဲဒီတုန်းမှာပဲ ဝါန်းရဲ့မိန်းမ ရောက်လာပြီး ဘယ်နေရာမှာ ဆေးထိုးရမယ်ဆိုတာ သူ့လက်ညှိုး ဝတုတ်တုတ်ကလေးနဲ့ ထောက်ပြလိုက်တယ်။ ဒီတော့လည်း ရွှတ်ခနဲ ဆေးထိုးထည့်လိုက်လို့ ခုဆို အရာရှိမင်းရဲ့ ကိုယ်ထဲမှာ စံပယ်နံ့သင်းသင်းနဲ့ လက်ဖက်ရည်တွေ ရောက်ကုန်ပေါ့။

အရာရှိမင်းကတော့ သူနာပြုဆရာမကလေးတွေကို စိုက်ကြည့်ရင်း 'နိပ်ဟ'လို့ပဲ ထပ်ပြောပြန်တယ်။ ဝါန်းကတော့ အတော်ကလေး အရှိန်

mgyoe.com

mgyoe.com SAMPLE BOOK

ရနေပုံ ရတယ်။ အတော့်ကို တက်ကြွနေတာပဲ။ နောက်ထပ် ဆေးတစ်လုံး ထိုးဖို့ လုပ်နေတယ်။ ဆေးထိုးတံထဲက အရောင်ကို ကြည့်ရတာကဖြင့် ဒီတစ်ခါ ထိုးမှာ နဂါးမင်းရေတွင်းလို့ခေါ်တဲ့ လက်ဖက်ခြောက်အမျိုးအစား ဖြစ်မယ်။ အားလုံး သိကြတဲ့အတိုင်းပဲ။ ကျွန်တော်တို့ ဆေးရုံမှာက လက်ဖက်ခြောက်ကြိုက်ပုံ မတူကြဘူးကိုး။ သိပ်တော့ သဘာဝ မကျလှဘူး။ အရာရှိမင်းဆီက ကျသင့်ငွေ ဒေါ်လာအစိတ် တောင်းလိုက်တယ်။ ရှင်းအောင် ပြောရရင်တော့ ဖဝဖ တစ်ကြိမ်၊ ရေနွေးကြမ်း နှစ်ကြိမ်ပေါ့။ ဆေးထိုးခက တစ်ကြိမ် တစ်ဆယ်ဆိုပေတဲ့ သုံးကြိမ် တစ်ပြိုင်တည်း ထိုးတော့ ငါးဒေါ်လာ လျှော့ပေးလိုက်တဲ့သဘောပဲ။ သိပ် မကြာခင် ပြန်လာခဲ့ဖို့ အရာရှိမင်းကို မှာလိုက်သေးတယ်။ နောက်ထပ် ဆယ်ခါလောက် လာပြီး ဆေးထိုးလိုက်ရင် သူ့ရောဂါ ရှင်းရှင်းကြီး ပျောက်သွားမှာပဲလို့ ကျွန်တော့်ဘာသာတော့ တွေးလိုက်မိတယ်။ ဘာကြီးဖြစ်လာ ဖြစ်လာ ရေနွေးကြမ်းဖိုးကတော့ ရမှာပဲ'

စစ်အရာရှိကြီးဆီက လှည့်ပတ် ပိုက်ဆံယူလိုက်ပေတဲ့လည်း သူ့ခမျာ ကျွန်တော်တို့နဲ့ မပြတ်နိုင်ဘူး။ ဝါန်းနဲ့ ကျွန်တော်လည်း သူနဲ့ ထိုင်ပြီး လေပစ်လိုက်ကြတယ်။ ကျွန်တော်ကတော့ ခုလို သူ့မှာ ကာလသားရောဂါ ဖြစ်နေတာကို မြဲမြံနေတဲ့ သူ့ရဲ့သတ္တိကို ချီးကျူးလိုက်တယ်။ ရောဂါရလာပြီဆိုရင် ဆေးကုသခံဖို့ လိုကြောင်း ရှည်ရှည်ဝေးဝေး ရှုပ်ရှုပ်ထွေးထွေး ပြောပြလိုက်ရင်း ခုလို ကျွန်တော်တို့ ဆေးရုံကို ရောက်လာပြီး ဆေးကုသမှု ခံယူလိုက်ရင် ရှေ့လျှောက် ဘာမှ ပြဿနာတက်စရာ မရှိတော့ဘူးလို့ ရှင်းပြလိုက်တယ်။ ဒီ့ပြင် ကာလသားရောဂါ ဆိုတာမျိုးကလည်း လူတော်လူကောင်းတွေမှာသာ ဖြစ်တတ်တာဖြစ်လို့ ဂုဏ်ယူစရာတောင် ကောင်းလှကြောင်း၊ ရောဂါရလာရင် ကုသမှုခံယူဖို့သာ လိုအပ်ကြောင်း၊ ဖဝဖ ဆက်တိုက်ထိုးလိုက်ရင် ကိစ္စပြတ်ကြောင်း၊ ရုံးစာရေးတွေ၊ အထက်တန်းကျောင်းသားတွေလို ရောဂါရလာပေတဲ့ မြဲနေတာမျိုးဟာ မသင့်ကြောင်း၊ ဆရာဝန်ယောင်၊ ဆရာဝန်တုတွေဆီ တိုးတိုးတိတ်တိတ် သွားပြီး ကုသမှု မခံယူသင့်ကြောင်း၊ ရုံးစာရေးတွေ၊ အထက်တန်းကျောင်းသားတွေအနေနဲ့ကတော့ အဲဒီလိုမျိုး ဆရာဝန်တုတွေဆီ သွား

mgyoe.com

mgyoe.com SAMPLE BOOK

မှာပဲ။ သူတို့အကြောင်း လူမသိရင် ပြီးတာပဲ။ ဒါကြောင့် မြို့ပေါ်က နောက်ဖေးလမ်းကြားတွေထဲမှာ မှောင်ခိုဆေး အရောင်းအဝယ်တွေ ပေါများနေတာ။ တိတ်တိတ်ပုန်း ဆေးကုသပေးတဲ့ ကြော်ငြာတွေဆိုလည်း ပလူပျံနေတာ။ အမှန်မှာတော့ လူတွေကို ဖြားယောင်းသွေးဆောင်နေတာပဲ။ ဒီတော့ အဲဒီ ဆရာဝန်တု၊ ဆရာဝန်ယောင်တွေဆီ သွားပြီး ဆေးကုသခံတဲ့ ငတုံးတွေအဖို့ကတော့ နိဂုံးလှလိမ့်မယ် မထင်ဘူး ဆိုတာတွေ ပြောပြလိုက်တယ်။

ကျွန်တော် ပြောတာကို အရာရှိမင်းက အားလုံးကို သဘောတူတယ်။ ကာလသားရောဂါကုတဲ့ ဆေးခန်းတွေကို သွားတာ အကြိမ် နှစ်ဆယ်ကျော်ပေတဲ့ ခုလို ဆေးခန်းမျိုးကို မကြုံဖူးဘူး၊ ဘဝင်မကျခဲ့ရဖူးဘူးလို့ သူက ပြောတယ်။ ကျွန်တော်က ဘာမှ မတုံ့ပြန်ဘူး။ ဒီတော့ ဝါန်းက ဝင်ပြောတယ်။ သူက ကျွန်တော် ပြောတာတွေထက်တောင် သာသေး။ လူတစ်ယောက်ဟာ ဖဝဖ ကို မှန်မှန် ထိုးနေရမယ်ဆိုတာ သိနေရင် ကာလသားရောဂါဆိုတာက ရောဂါလို့တောင် မခေါ်နိုင်ဘူးတဲ့။ အရာရှိမင်းကတော့ ဝါန်း ပြောတာကိုလည်း လုံးဝဥဿုံ လက်ခံသဘောတူပြန်သေး။ ထောက်ခံတဲ့အနေနဲ့ သူ့အတွေ့အကြုံကိုတောင် ပြောပြပြန်တယ်။ ဒါကြောင့်မို့ သူ့အနေနဲ့ကတော့ လုံးလုံးကြီး ရောဂါ ပျောက်သွားတယ်ဆိုတဲ့အထိ စောင့်မနေတော့ဘူး။ အထည်အသစ်ကလေးများ ဝတ်စရာတွေ့ခဲ့ရင် ဝင်တွယ်လိုက်တာပဲတဲ့။ တကယ်တော့ နောက်ထပ် ဖဝဖ ထပ်ထိုးဖို့ပဲ လိုတာကိုး။

ဝါန်းကတော့ ပုံမှန်ဖောက်သည် ဖြစ်လာအောင် ဆွယ်ပြန်တယ်။ ဒါကလည်း မတော်မတရားလုပ်တာမှ မဟုတ်ပဲ။ အရာရှိမင်းကို သူက ရှင်းပြတယ်။ တကယ်လို့များ ဆေးရုံကို ရေရှည် ပုံမှန်သဘောနဲ့ လာချင်တယ်ဆိုရင် သူ့အနေနဲ့ ဖဝဖ ကို တစ်ဝက်ပဲ ထိုးပေးနိုင်တယ်။ ဒီတော့ ငါးဒေါ်လာပဲ ကျမယ်။ တကယ်လို့ လတွက်နဲ့ ဆေးထိုးပေးရမယ်ဆိုရင် တစ်လကို ဒေါ်လာတစ်ရာ ကျမယ်။ တစ်လအတွင်း ဘယ်နှကြိမ်ပဲဖြစ်ဖြစ် လာပြီး ဆေးထိုးခံနိုင်သတဲ့။ ဝါန်းက သူ ပြောပြနေတာကို အဆုံးသတ်တော့မယ်အလုပ်မှာ အရာရှိမင်းက တစ်ခု တောင်းဆိုတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒါကတော့ ဆေးထိုးခံရအောင် သူ လာတိုင်း ခုနက သူနာပြုဆရာမ ချောချောကလေး နှစ်ယောက်က သူ့လက်မောင်းကို ကိုင်ထားပေးရမယ်တဲ့။ ကျွန်တော်တို့ နှစ်ယောက်ကလည်း သူ ပြောတာကို ချက်ချင်းကြီး သဘောတူတယ်လို့ ပြောရလောက်အောင် မတုံးကြဘူး။ ဒီတော့ အသာ ပြုံးပြရင်း ခေါင်းညိတ်လိုက်ကြတယ်။ သူ့အဖို့ကတော့ ကျွန်တော်တို့က သဘောတူကြတယ်လို့ ထင်ကောင်း ထင်မယ်။

အရာရှိမင်းရဲ့ကား ထွက်သွားလို့မှ မကြာသေးဘူး။ နောက်ထပ် ကားတစ်စီး ဝင်လာပြန်တယ်။ အသက်ကြီးကြီး မိန်းမကြီးတစ်ယောက်ကို အိမ်ဖော်မကလေး လေးယောက်က တွဲပြီး ကားထဲက ထွက်လာတယ်။ ကားအပြင်ဘက်ရောက်တယ် ဆိုတာနဲ့ 'အထူးခန်းများ ရှိသလား'လို့ အသံငါးသံက တစ်ပြိုင်နက်တည်း မေးတယ်။ ကျွန်တော်ကလည်း အိမ်ဖော်မကလေး တစ်ယောက်ကို အသာ တွန်းထုတ်လိုက်ရင်း အမယ်အိုရဲ့ လက်ကောက်ဝတ်ကို ညင်ညင်သာသာနဲ့ ကိုင်ပြီး ဆေးရုံထဲ ခေါ်လာခဲ့တော့တယ်။ အပေါ်ထပ်က ကုန်ပို့ဆောင်ရေးလုပ်ငန်းရဲ့ အခန်းတွေကို ညွှန်လိုက်ရင်း 'အထူးခန်းတွေကတော့ အားလုံး ပြည့်နေကြပြီ။ ဒါပေမဲ့ ကံကောင်းတယ် ခေါ်ရမှာပဲ။ ဟောဒီမှာတော့ ရှိနေသေးတယ်'လို့ ပြောပြီး အဆောက်အအုံရဲ့ အောက်ထပ်က ကျွန်တော်တို့အခန်းတွေကို ညွှန်ပြလိုက်တယ်။ 'ဟောဒီမှာတော့ ပထမတန်းစား အခန်းနှစ်ခန်း လွတ်နေသေးတယ်။ လောလောဆယ်အနေနဲ့ နှစ်ခန်းစလုံး ယူထားလိုက်ပါလား။ ဒီအခန်းတွေက အပေါ်ထပ်က အခန်းတွေထက် ပိုပြီး ကောင်းသေးတယ်။ အပေါ်တက်ရ၊ အောက်ဆင်းရတဲ့ ကိစ္စ မရှိဘူးပေါ့။ မဟုတ်ဘူးလား အဘွား'လို့ ကျွန်တော်က ရှင်းပြလိုက်တယ်။

အဘွားအိုရဲ့ တုံ့ပြန်လိုက်တဲ့ ပထမဆုံး စကားလုံးတွေကတော့ ကျွန်တော့်ရင်ထဲမှာ ပန်းတစ်ပွင့် ပွင့်လာသလိုပဲ။ 'ဟား ... မင်းရဲ့ ပြောပုံဆိုပေါက်ကဖြင့် တကယ့်ဆရာဝန်ပဲ။ လူနာဆိုတာက သူကိုယ်တိုင် သက်သောင့်သက်သာ မရှိချင်ရင် ဆေးရုံကို ဘယ်သွားပါ့မလဲ။ 'အရှေ့တိုင်းဘဝ' ဆေးရုံက ငတုံးတွေကဖြင့် အဲသလိုမျိုး သဘောမပေါက်ကြဘူး'တဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

'သြော် ... ဘွားဘွားရယ်၊ အဲဒီ အရှေ့တိုင်းဘ၀ ဆေးရုံကို တကယ်ပဲ ရောက်ခဲ့ပြီးပြီတဲ့လား'လို့ ကျွန်တော်က ပြောလိုက်တယ်။ အံ့အားသင့်သွားတဲ့ အသံမျိုး အတော့်ကို ထည့်ပြီး ကျွန်တော်က ပြောလိုက်တာ။

'သေခြင်းဆိုးတွေ။ ခုပဲ အဲဒီဆီက ပြန်လာတာ'

အရှေ့တိုင်းဘ၀ ဆေးရုံက ဆရာ၀န်တွေအပေါ် အဘွားကြီးက ဒေါသထွက်ထွက်နဲ့ ဆဲဆိုနေတာကို အခွင့်အရေးယူရင်း သူ့ကို တွဲပြီး အခန်းကလေးတစ်ခုထဲ ခေါ်လာခဲ့တယ်။ မှန်ရာကို ပြောရရင်တော့ အရှေ့တိုင်းဘ၀ ဆေးရုံဆိုတာက ဒီမှာ အကြီးဆုံး၊ အကောင်းဆုံး။ ဒါကိုတော့လည်း အဘွားကြီးကို ပြောလို့ မဖြစ်ဘူး။ သူနဲ့အတူ စိတ်ပါလက်ပါ ဝိုင်း၀န်း တိုက်ခိုက်ပေးနေရုံပဲ။ ပြောပြလိုက်ရင်တော့လည်း ဒီအခန်းကျဉ်းကလေးထဲကို ရောက်လာမှာ မဟုတ်ဘူး။ 'အဲဒီမှာ ဘယ်လောက်ကြာကြာ နေခဲ့သလဲ'လို့ အသာ စူးစမ်းကြည့်လိုက်တယ်။

'နှစ်ရက်တည်းရယ်။ ကံကောင်းလို့ မသေတယ်'လို့ ဖြေရင်း အဘွားကြီးက ခုတင်ကလေးပေါ်မှာ ထိုင်ချလိုက်တယ်။ ခုတင်ထောင့်ကို ကျွန်တော်က ခြေထောက်နဲ့ အသာ ထိန်းပေးထားလိုက်ရတယ်။ တစ်မျိုးတော့ မထင်ကြပါနဲ့။ ကျွန်တော်တို့ ခုတင်တွေအားလုံး အကောင်းတွေချည်းပါပဲ။ ကာလတရားနဲ့ လိုက်လျောညီထွေ ပြောင်းလဲတဲ့ သဘောကလေးတွေတော့လည်း ရှိသပေါ့။ ဒီတော့လည်း တစ်ခါတလေ သိပ်မခိုင်ချင်လှတဲ့ သဘောမျိုးလေးတွေကလည်း ရှိနေတတ်သမို့ ကိုယ်က ဂရုစိုက်နေရတဲ့ သဘောလောက်ပါပဲ။ 'ဘယ်လိုဖြစ်လို့များ အဲဒီကို သွားလိုက်ရတာလဲဗျာ'လို့ ကျွန်တော်က စကားမရှိ စကားရှာပြီး ပြောလိုက်မိတယ်။ မဟုတ်ရင် အဘွားကြီးက ခုတင်တိုင်ကို ကျွန်တော့်ခြေထောက်နဲ့ အသာဖေးထားတာ သတိထားမိသွားမှာ စိုးလို့။

'ဒါတွေ ပြောမနေပါနဲ့တော့။ သင်းတို့အကြောင်းကလေ ထည့်ပြောနေရတာကိုက အိမ်ရိုက်သံတွေကို ဝါးနေရသလိုပဲ။ ဒေါက်တာ့အနေနဲ့ တစ်ခု စဉ်းစားကြည့်စမ်းပါ။ ကျွန်မက ဗိုက်ထဲက နာလို့ သွားတယ်။ သူတို့က ဘာမှ မကျွေးဘူး'လို့ ပြောရင်း အဘွားအိုက မျက်ရည်တောင်ကျတော့မယ်လို့ပဲ။

mgyoe.com

mgyoe.com
SAMPLE BOOK

'ဘာမှ မကျွေးကြဘူး၊ ဟုတ်လား'လို့ ပြောရင်း အံ့အားသင့်သလို မျိုးဖြစ်အောင် ကျွန်တော့်မျက်လုံးတွေကို ပြူးထုတ်လိုက်ရသေးတယ်။ 'ဘွားဘွားရယ် သနားစရာကောင်းလိုက်တာ။ ဗိုက်ထဲက နာနေတယ် ဆိုတာတောင် စားစရာလေး တစ်ခုတောင် မကျွေးကြဘူးတဲ့လား။ လူလိမ် လူညာ ဆရာဝန်တုတွေ၊ ဆရာဝန် အယောင်ဆောင်တွေ။ ဘာလို့တဲ့တုံး။ အသက်အရပဲ ကြည့်ဦး။ အဘွား အသက်ဆို ရှစ်ဆယ်လောက် ရှိရောပေါ့၊ မဟုတ်ဘူးလား'

အဘွားကြီးက မျက်ရည်ကျမလိုမျိုး ဖြစ်နေတာ ချက်ချင်း ပျောက် သွားတယ်။ 'ကျွန်မ ငယ်ပါသေးတယ်။ ခုခါမှ ငါးဆယ့်ရှစ်နှစ် ရှိပါသေး တယ်'လို့ ရှက်သွားတဲ့ အပြုံးကလေးနဲ့ ပြန်ပြောတယ်။

'အား ... ကျွန်တော့်အမေနဲ့ ရွယ်တူပဲ။ ကျွန်တော့်အမေလည်း တစ်ခါတလေ ဗိုက်က ဒုက္ခပေးတတ်တယ်'လို့ ပြောရင်း ကျွန်တော်က မျက်စိကို ပွတ်လိုက်တယ်။ 'ဘာဖြစ်လို့ ကျွန်တော်နဲ့ ဒီမှာ မနေသလဲ ဘွားဘွားရယ်။ ဘွားဘွားမှာ ကသိကအောက်ဖြစ်နေတာကလေး ချက် ချင်း ပျောက်သွားစေရမယ်။ ကျွန်တော် အာမခံတယ်။ ဒီလိုဝေဒနာမျိုး ကို ကုရာမှာ အဓိကအကျဆုံးကတော့ အာဟာရဖြစ်အောင် စားဖို့ လို တယ်။ ဘွားဘွားအနေနဲ့ စားချင်ရာ စားနိုင်ပါတယ်။ အစားကောင်းကောင်း စားနိုင်ရင် နေလို့ထိုင်လို့ ကောင်းတာပဲပေါ့။ အဲဒါကလေးကိုက အဘွား အတွက် နေလို့ထိုင်လို့ အတော့်ကို ကောင်းမှာ။ ကျွန်တော် ပြောတာ မဟုတ်ဘူးလား ဘွားဘွား'

အဘွားကြီး မျက်လုံးထဲဆီမှာ မျက်ရည်ဝဲလာတယ်။ ခု ဝဲတဲ့ မျက်ရည်ကတော့ ကျေးဇူးတင်လွန်းလို့ပဲ။ 'ဒေါက်တာရယ်၊ ကျွန်မရဲ့ အခြေအနေကို စဉ်းစားကြည့်စမ်းပါ။ ကျွန်မဗိုက်ထဲကို အဖတ်တစ်ခုခု ရောက်သွားဖို့ဟာကို အရှေ့တိုင်းဘာဝ ဆေးရုံက မျောက်လောင်းတွေက ကျွန်မကို ဆန်ပြုတ်ပဲ တိုက်တယ်။ ကျွန်မကို သက်သက် ဒေါသထွက် အောင် လုပ်ကြတာပဲ'

'ဘွားဘွားရဲ့ သွားတွေက အကောင်းကြီးပဲ။ သူတို့က အဘွား ဝါးစားနိုင်တဲ့ အစားတစ်ခုခု ကျွေးရမှာပေါ့'လို့ ကျွန်တော်က ပြောလိုက်

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ ကျွန်တော့်ရဲ့အသံကတော့ စိတ်ဝင်တစားနဲ့ အလေးထားပြောတဲ့ အသံမျိုး။

'ကျွန်မကလည်း မကြာမကြာ ဆာတတ်တယ်။ သူတို့ကတော့ အစာကို အချိန်နဲ့ကျွေးတော့ အချိန်တန်မှ စားရတယ်'

'အလကားကောင်တွေ'

'ညလယ်လောက်ရောက်လို့ ကျွန်မ အိပ်တော့မယ်ဆိုရင် သူတို့တွေက ကျွန်မရဲ့လျှာအောက်ကို ဖန်ချောင်းကလေး ထိုးထည့်တော့တာပဲ။ ကျွန်မမှာ ဘယ်နှဒီဂရီ ရှိတယ်ဆိုတာ သိချင်လို့ဆိုလား၊ ဘာလားပဲ'

'အဲဒီက အကောင်တွေမှာ ဘာကို ဘယ်လိုလုပ်ရမယ် ဆိုတာ သိပုံကို မရတော့ဘူး'

'ကျွန်မက အိပ်ရာထဲမှာ ရှူးရှူးပေါက်တဲ့ခွက် တောင်းတော့ သူနာပြုဆရာမတွေက ပြောတယ်။ စောင့်ဦး ... တဲ့။ သူတို့က ပြောသေးတယ်။ ဆရာဝန် လာမှာမို့ ကျွန်မ ရှူးရှူးမပေါက်ရသေးဘူးတဲ့။ ဆရာဝန် လျှောက်ကြည့်တာ ပြီးမှ ပေါက်ရမယ်တဲ့'

'အဲဒီက ကောင်တွေကိုတော့ ကြိုးဆွဲချ သတ်လိုက်ရင်တောင် သူတို့နဲ့ တန်မှာ မဟုတ်သေးဘူး'

'ကျွန်မက ကြိုးစားပြီး ထိုင်ပြန်ရင် သူနာပြုဆရာမက ပြန်လှဲနေခိုင်းပြန်တယ်'

'ခွေးမ ... တွေ'

ဒီလိုနဲ့ အဘွားကြီးနဲ့ ကျွန်တော် အတော့်ကို လေကျသွားတယ်။ ပိုလို့ ပိုလို့ အဆင်ပြေလာတယ်။ ဆေးရုံက အခန်းကလေးဟာ မီးခြစ်ဘူး သာသာလောက်ပဲ ရှိဦးတော့၊ အဘွားကြီးကဖြင့် ကုတ်နဲ့ကော်ထုတ်လို့တောင် သွားမှာ မဟုတ်တော့ဘူး။ 'ဖြစ်ချင်ရာ ဖြစ်ကွာ'လို့ပဲ စိတ်ထဲက သဘောထားလိုက်ရင်း ခုတင်စောင်းကို အသာထောက်ထားတဲ့ ကျွန်တော့်ခြေထောက်ကို ရုတ်လိုက်တော့တယ်။ 'ခုနေတော့ဖြင့် ခုတင်ပဲ ကျိုးသွားဦး၊ အဘွားကြီးကတော့ ကျွန်တော့်ကို ခွင့်လွှတ်နေဦးမှာပဲ'

'ဒီမှာ သူနာပြုဆရာမတွေ ရှိတယ်မဟုတ်လား'လို့ အဘွားကြီးက မေးတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

'ရှိပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ တစ်ချက်ကလေးမှ ပူမနေပါနဲ့' လို့ ပြောရင်း အကောင်းဆုံး အပြုံးနဲ့ ပြုံးပြလိုက်တယ်။ ရှေ့ကို ကိုင်းပြီး အနားတိုးလိုက်ရင်း 'ဘွားဘွားမှာ အိမ်ကခေါ်လာတဲ့ အိမ်ဖော် လေး ယောက်တောင် ပါလာတယ် မဟုတ်ဘူးလား။ သူတို့ကို ဆေးရုံမှာ နေခွင့် ပေးထားလိုက်မယ်လေ။ တကယ်လို့ သဘာဝကျကျ ပြောရရင် ကိုယ့် အိမ်က ပါလာတဲ့ လူတွေက ဆေးရုံက သူနာပြုဆရာမတွေထက် ကိုယ့် အကြောင်း ပိုသိတာပဲ မဟုတ်လား။ ဒီတော့ သူနာပြုဆရာမတွေအကြောင်း ကို မေ့သာ ထားလိုက်ပါ'လို့ အဘွားကြီးကို ပြောလိုက်ရပြန်တယ်။

'အို ... ဒီ့ထက်ပိုပြီး သဘောကျစရာမှ မရှိတော့တာပဲ။ ဒါ့ထက် သူတို့အတွက် အခန်းတော့ ရှိရဲ့မဟုတ်လား'လို့ အဘွားကြီးက ဆိုတယ်။ သူ့အနေနဲ့ ကျွန်တော်တို့ကို ကသိကအောက်ဖြစ်သွားမှာကို ပူသွားပုံ ရတယ်။

'ကျွန်တော်တို့ အဆင်ပြေအောင် ကြည့်စီစဉ်ပေးပါ့မယ်။ ကျွန်တော် တို့ ဆေးရုံရဲ့ ဘေးဘက်က အဆောင်တစ်ခြမ်းလုံးကို ယူလိုက်ပါလား။ ယူလိုက်ရင် အိမ်က ထမင်းချက်တောင် ခေါ်လာပြီး ချက်ပြုတ်ခိုင်းနိုင် တာပေါ့။ သူကမှ ဘွားဘွား ဘာစားချင်တယ်ဆိုတာကို သိမှာ။ ကျွန် တော် ပြောမယ်။ ကျွန်တော်တို့အနေနဲ့ ဘွားဘွားနေတဲ့ တစ်ခန်းစာပဲ ယူမယ်။ အိမ်ဖော်တွေ၊ ထမင်းချက်တွေ နေတာကို မယူဘူး။ ဒီတော့ အားလုံးပေါင်း တွက်ကြည့်လိုက်ရင်၊ အင်း ... တစ်နေ့ကို ဒေါ်လာငါးဆယ် ပဲ ယူလိုက်ပါ့မယ်'

အဘွားကြီး ဘဝင်ကျသွားလို့ သက်ပြင်းတစ်ချက် ချလိုက်တယ်။ 'ပိုက်ဆံက အကြောင်းမဟုတ်ဘူး ဒေါက်တာ။ ရှင် အကြံပေးတဲ့အတိုင်း သာ စီမံ။ ဟဲ့ ... ကောင်မလေး၊ အိမ်ပြန်ပြီး ထမင်းချက်ကို ခေါ်ချေ။ တစ်လက်စတည်း ဘဲနှစ်ကောင်ပါ ယူခဲ့ခိုင်းချေ'လို့ ကျွန်တော့်ကို ပြော ရင်း သူ့အိမ်ဖော်မကလေးကို လှမ်းခိုင်းလိုက်တယ်။

ကျွန်တော့်ကိုယ်ကျွန်တော်ကတော့ နားရင်းသာ ရိုက်လိုက်ချင် တော့တယ်။ ဘာဖြစ်လို့ ကျွန်တော်က ဒေါ်လာငါးဆယ်ပဲ တောင်းလိုက် မိမှန်း မသိဘူး။ ကိုယ့်မျက်ခွက်ကို ကိုယ့်ဘာသာ ဆွဲထိုးပစ်လိုက်ချင်

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ ကံကောင်းတယ်ပဲ ခေါ်ရမယ်။ ဒီ ဒေါ်လာငါးဆယ်ဟာ ဆေးဖိုး ဝါးခပါ ပါတယ်လို့ မပြောလိုက်မိသေးလို့ပဲ။ ကောင်းပြီ။ ဒီတော့ ဆေးဖိုး ဝါးခပေါ်မှာ ယူနိုင်သေးတယ်။ အဘွားကြီး ပြောပုံဆိုပေါက်အရတော့ အတော်ကလေး ချမ်းသာပုံပဲ။ ကြည့်ရတာ သားတစ်ယောက်က စစ်ဘက် က ဒေသဆိုင်ရာ အကြီးအကဲတစ်ယောက်တောင် ဖြစ်နိုင်တယ်။ ဒီ့ပြင် သူ့ထမင်းချက် လိုက်လာ ချက်ပြုတ်ပေးလို့ နေ့စဉ် ပီကင်းဘဲတစ်ကောင် သာ စားမယ်ဆိုရင်တော့ဖြင့် ကျွန်တော်တို့ဆေးရုံမှာ အတော်ကလေး ကြာအောင် နေမှာ သေချာတယ်။ ဒီတော့ အဘွားကြီး အဆင်ချောဖို့၊ ရှည်ရှည်ဝေးဝေး တွက်တတ်ဖို့တော့ လိုရဲ့ မဟုတ်လား။

ခုဆို ကျွန်တော်တို့ဆေးရုံဟာ ဘာရယ်လို့ အပြောခက်ပေတဲ့ တစ်ခုခုနဲ့ တူလာတာတော့ အမှန်ပဲ။ အဘွားကြီးရဲ့ အိမ်ဖော်မကလေး တွေက သွားချည်လာချည်နဲ့ အလုပ်ရှုပ်နေကြသလို အဘွားကြီးရဲ့ ထမင်း ချက်ကလည်း အလယ်ကောင်က မြေကွက်လပ်ရဲ့ နံရံအခြေဆီမှာ မီးဖို လုပ်ရအောင် အုတ်တွေ စီနေလေရဲ့။ အင်မတန် ဝက်ထောတဲ့လူရဲ့ အိမ် က မင်္ဂလာညှော်ခံပွဲအတွက် ချက်ပြုတ်ဖို့ စီစဉ်နေသလိုပဲ။ ကျွန်တော်တို့ ဆေးရုံက လူတွေလည်း အတော့်ကို ဟန်ကျနေကြတာ။ အဘွားကြီး ဝယ်လာပေးတဲ့ အသီးအနှံတွေကလည်း ကောင်းပါ့။ ဘဲကလည်း ဆူပါ့။ ကျွန်တော်တို့ အားလုံးလည်း ခုလို စိတ်ဝင်စားစရာ အခြေအနေမျိုးနဲ့ ကြုံနေလေတော့ သူ့ရောဂါကိုတောင် စစ်ဆေးမကြည့်မိကြတော့ဘူး။ ကျွန်တော်တို့ အလေးပေးပြီး တွေးကြည့်နေတာကတော့ မနက်ဖြန်ကျရင် အဘွားကြီးအတွက် သူ့ထမင်းချက်က ဘာချက်မယ် ဆိုတာပဲ။

ဘယ်ဘက်က ကြည့်ကြည့် ဝါန်းနဲ့ ကျွန်တော်ကတော့ အလုပ် ဖြစ်နေတယ်လို့ ပြောရလိမ့်မယ်။ ချူကတော့ သနားစရာ။ ဘာလုပ်ရမှန်း မသိ ဖြစ်နေတယ်။ ခွဲချင်စိတ်ချင်လို့ ခွဲစိတ်ခန်းဓားတစ်ချောင်း ကိုင်ပြီး ဟိုလျှောက်ဒီလျှောက် လုပ်နေတယ်။ တတ်နိုင်သရွေ့ ကျွန်တော်ကတော့ ရှောင်တယ်။ မတော် မင်းကိုပဲ ခွဲစိတ်ပေးမယ်လို့ ဖြစ်နေမှာ။ ဘာမှ လုပ်စရာမရှိလို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေလေတော့ ဝါန်းက သူ့ကို အသာ ချော့ထားရတယ်။ သူကိုယ်တိုင်ကလည်း လုပ်ချင်ကိုင်ချင်တဲ့

mgyoe.com

mgyoe.com
SAMPLE BOOK

ငနဲဆိုတော့ ဘာမှ မလုပ်ရပဲ မနေနိုင်ဘူး။ အနည်းဆုံး ဆေးရုံအတွက် ဒေါ်လာငါးဆယ်လောက် ရအောင်တော့ လုပ်ပေးချင်နေတယ်။ ဒီစိတ်ဓာတ်ကိုတော့ ကျွန်တော် တန်ဖိုးထားပါတယ်။

တစ်နေ့ နေ့ခင်းစာ စားပြီးချိန်လောက်မှာ အသက်လေးဆယ်ဝန်းကျင်လောက် လူတစ်ယောက် ရောက်လာတယ်။ ဝတုတ်တုတ်၊ ဗိုက်ပူပူ၊ လိပ်ခေါင်းခွဲချင်လို့ လာတာ။ ပထမတော့ ဝါန်းမိန်းမ ထင်တာက ကလေးမွေးဖို့ လာတယ်လို့ ထင်တာ။ အသေအချာ ကြည့်လိုက်တော့မှ မိန်းမ မဟုတ်ဘဲ ယောကျ်ားဖြစ်နေမှန်း သိလိုက်ရလို့ ဝါန်းရဲ့မိန်းမက ချူ့ဆီ လွှဲလိုက်တော့တယ်။ ချူ့ရဲ့မျက်လုံးမှာ အရောင်ထွက်လာတယ်။ ရဲတက်လာတယ်။ ပိုက်ဆံတွေ မြင်လာတယ်။ သိပ်ရှည်ရှည်ဝေးဝေး ပြောမနေတော့ဘူး။ ခွဲစိတ်ဖို့ ဓားတပြင်ပြင် ဖြစ်ရော။ ဝတုတ်တုတ်၊ ဗိုက်ပူပူ ငနဲလည်း အတော် လန့်သွားပုံရတယ်။ ထုံဆေးလေး၊ မေ့ဆေးလေး သုံးပြီး ခွဲစိတ်ဖို့ ပြောတယ်။ ချူ့ကလည်း မနေ့တစ်နေ့ကမှ မွေးတာမှ မဟုတ်ပဲ။ 'ထုံဆေး ... ဟုတ်လား။ ခင်ဗျား လာတုန်းက ထုံဆေးအကြောင်း ဘာမှ မပြောပဲ။ ထုံဆေးတော့ ရှိပါတယ်။ ဆယ်ဒေါ်လာထပ်ပေးရမယ်။ ထိုးချင်သလား၊ မထိုးချင်ဘူးလား။ ခင်ဗျားဘာသာ ဆုံးဖြတ်'လို့ ချူ့က ပြောလိုက်တယ်။ ဝတုတ်တုတ် ငနဲအဖို့ကတော့ နာမှာကြောက်တော့ တက်သုတ်ရိုက်ပြီး အဖြေပေးလိုက်ရတော့တာပဲ။

ချက်ချင်းပဲ ချူ့က ထုံဆေး ထိုးပေးလိုက်တယ်။ သိပ်ပြောမနေတော့ဘဲ ဓားတပြင်ပြင် လုပ်နေရင်း သူက ရပ်လိုက်တယ်။ 'အလို ... နေစမ်းပါဦး။ ခင်ဗျားဟာက အထဲမှာလည်း ရှိနေတယ်။ ခင်ဗျား ပြောတုန်းက အထဲမှာလည်း ရှိတယ်လို့မှ မပြောပဲ။ အဲဒါကိုရော ခွဲထုတ်ချင်သလား။ ခွဲချင်ရင်တော့ နောက်ထပ် ဒေါ်လာသုံးဆယ် ကျမယ်။ ပိုက်ဆံ မသုံးချင်ဘူးဆိုရင်တော့ ဒီတင် ရပ်လိုက်မှ။ ဘာမှ ဆက်လုပ်လို့ မရဘူး'လို့ ဗိုက်ပူပူ ငနဲကို ပြောလိုက်တယ်။

ကျွန်တော်ကတော့ ဘေးက ရပ်ကြည့်နေတာ။ ချူ့ရဲ့ လုပ်အကြည့်နဲ့ တိုးလိုက်တော့ လက်မ ထောင်ပြလိုက်မိတယ်။ သူကလည်း သိပ်ညံ့လှတာတော့ မဟုတ်ဘူး။ ပြေးပေါက်မရှိတော့တဲ့ လူဆီက အသာ

mgyoe.com

mgyoe.com
SAMPLE BOOK

ညှစ်ပြီး ငွေယူတာထက်များ ကောင်းတာ ရှိပါဦးမလား။ ဗိုက်ပူပူ ငနဲ ခများ ဘာမှကို မငြင်းနိုင်တော့ဘူး။ တကယ်တော့ ငြင်းနိုင်တဲ့ အနေအထားမှ မရှိတော့ပဲ။ ဖြတ်ရင်းတောက်ရင်းနဲ့ ချူရဲ့လေကကည်း ကောင်းတယ်။ ဆေးရုံကိုလည်း ကြော်ငြာပေးနေသေးတယ်။ 'ကြိုတုန်းမို့ ပြောစမ်းပါရစေ။ ခု လုပ်နေတဲ့ ခွဲစိတ်ကုသမှုမျိုးက ဒေါ်လာနှစ်ရာလောက်တန်တာ။ ဒါပေတဲ့ ကျွန်တော်တို့က အဲဒီလောက် မချဘူး။ မချဆို လူတွေပေါ် အခွင့်အရေးယူချင်လို့ မဟုတ်ဘူး။ ကျွန်တော်တို့အနေနဲ့ ဖြစ်စေချင်တာကတော့ ခင်ဗျား ဆေးရုံက ဆင်းသွားပြီးတဲ့အခါ ကျွန်တော်တို့ ဆေးရုံအကြောင်းကလေးသာ ပါးစပ်သတင်းကလေးသာ ပါးပေးပါ။ ကျွန်တော်တို့ဆေးရုံက သန့်ရှင်းတယ်။ ကျွန်တော့်ဓားတွေသာ ကြည့်။ အဆပေါင်း လေးသောင်းကျော် ချဲ့ထွင်ကြည့်နိုင်တဲ့ မှန်ဘီလူးနဲ့ ကြည့်တောင် ဘာရောဂါပိုးမွှားမျိုးမှ မတွေ့ရနိုင်ဘူး။ ဒါနဲ့ ပြောရဦးမယ်။ မနက်ဖြန်တော့ဖြင့် ခဏဝင်ခဲ့ဦး။ အနာကျက်၊ မကျက် ကျွန်တော် ကြည့်ပေးမယ်'တဲ့။ ဗိုက်ပူပူ ငနဲခများ အသံတောင် မထွက်ရဲရှာဘူး။ ကျွန်တော့်အထင်တော့ သူ့ခများ လန့်နေပုံရတယ်။

ဒီလိုနဲ့ ချူက ဆေးရုံအတွက် ငွေအတော်ကလေး ရှာပေးလိုက်ပြန်တယ်။ အဲဒီညနေဘက်မှာတော့ ကျွန်တော်တို့လည်း ဝိုင်လေး ဘာလေး ဝယ်ပြီး စားသောက်ပွဲကလေး လုပ်ဖြစ်သွားတယ်။ အစာကိုတော့ အဘွားကြီးရဲ့ ထမင်းချက်ကို ချက်ခိုင်းတယ်။ ချက်ခိုင်းတယ် ဆိုပေတဲ့ သူ့ပစ္စည်းနဲ့သူ ချက်ခိုင်းလိုက်တဲ့သဘောပဲ။ စားရင်းသောက်ရင်းနဲ့ ကျွန်တော်တို့လုပ်ငန်းအကြောင်းလည်း ပြောဖြစ်ဆိုဖြစ်သွားကြတယ်။ ဒီတော့ ဆေးရုံမှာ ကိုယ်ဝန်ဖျက်ချဖို့ ဌာနတစ်ခုနဲ့ ဘိန်းစွဲတဲ့လူတွေကို ဘိန်းဖြတ်ပေးဖို့ ဌာနတစ်ခု ဖွင့်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ဝါန်းက အကြံပေးပြန်တယ်။ ဆေးရုံအနေနဲ့ သိပ်ပြီး တင်းတင်းကျပ်ကျပ်မဟုတ်ဘဲ ဆေးစစ်ပေးတာမျိုး လုပ်ဖို့။ ဥပမာ၊ ကျောင်းသားတွေ ကျောင်းဝင်ခွင့်အတွက် ဆေးစစ်ရတာမျိုး၊ အသက်အာမခံထားဖို့ ဆေးစစ်ရတာမျိုး။ ဘယ်သူပဲဖြစ်ဖြစ် ယုတ်စွအဆုံး ခေါင်းနဲ့ မြေကွက်ဝယ်ထားပြီးတဲ့ လူပဲ ဖြစ်စေဦးတော့။ ကျန်းမာကြောင်း ထောက်ခံစာပေးနိုင်တယ်။ ထောက်ခံစာတစ်စောင်

mgyoe.com

mgyoe.com
SAMPLE BOOK

ငါးဒေါ်လာ။ ဒီတော့လည်း ဝါန်းရဲ့အဆိုကို ကန့်ကွက်မဲ မရှိဘဲ အတည်ပြုလိုက်ကြတော့တယ်။

ကျွန်တော်တို့ရဲ့ ညစာစားပွဲကလေး မပြီးခင်မှာ ချူရဲ့ယောက္ခမကြီးက အကြံပေးပြန်တယ်။ ကျွန်တော်တို့အားလုံး ပိုက်ဆံ နည်းနည်းစီ ထည့်ပြီး ဆေးရုံမှာထားဖို့ ဆိုင်းဘုတ်ကလေးတစ်ခု ရေးခိုင်းရရင် ကောင်းမယ်တဲ့။ လူအိုလူနှောင်းတွေဆီက ဒီလိုမျိုး စိတ်ကူးကောင်းကောင်းကလေးတွေ ပေါ်လာတတ်တယ်။ စိတ်ရင်းကောင်းနဲ့ ဆိုတော့လည်း မငြင်းသာဘူး။ သူ တပ်ချင်တဲ့ ဆိုင်းဘုတ်ကလေးက 'နှလုံးလှ၊ စိတ်ရင်းကောင်း'တဲ့။ နည်းနည်းတော့ ရှေးဆန်နေသလိုပဲ။ ဒါပေတဲ့ ကျွန်တော်တို့ အပြုအမူနဲ့ကတော့ အကိုက်သားရယ်။

ဒီတော့လည်း နောက်နေ့ ဈေးဖွင့်ချိန်မှာ ဆိုင်းဘုတ် အရေးခိုင်းဖို့ သူ့ကိုပဲ တာဝန်ပေးလိုက်တော့တယ်။ ဝါန်းမိန်းမက အကြံပေးပြန်တယ်။ ဆိုင်းဘုတ်ရလာရင် ကျွန်တော်တို့အနေနဲ့ မင်္ဂလာဆောင်ပွဲအတွက် လှည့်လာတဲ့ ဘင်ခရာအဖွဲ့ကို ကျွန်တော်တို့ဆေးရုံရှေ့ ရောက်လာတဲ့အထိ စောင့်ရင် ကောင်းမယ်တဲ့။ ဆေးရုံရှေ့ကို ဘင်ခရာတီးဝိုင်း ဖြတ်တဲ့အချိန်မှာ ကျွန်တော်တို့ ဆိုင်းဘုတ်တင်လိုက်ရင် ကျွန်တော်တို့ဘာသာ တီးဝိုင်းငှားပြီး ဆိုင်းဘုတ်တင်ရတဲ့စရိတ် မကုန်တော့ဘူးဆိုပဲ။ ဒီလို တွေးကြည့်ပြန်တော့ အဟုတ်သားကလား။ ဒါကြောင့် တချို့ကိစ္စတွေမှာ မိန်းမတွေဟာ ယောကျ်ားတွေထက် တော်တယ်ဆိုတာ အမှန်ပဲ။ ဝါန်းကတော့ ကျေနပ်တဲ့အပြုံးနဲ့ သူ့မိန်းမကို ဂုဏ်ယူဝင့်ကြွားစွာ ကြည့်နေလိုက်ပုံကဖြင့် ကြက်ဖကြီး ခေါင်းထောင်နေသလိုပေါ့။

■

၁။ ဤတွင် စာရေးဆရာကြီး လောဝ်ရှယ်က လှောင်သည့်အနေ၊ သရော်သည့်အနေဖြင့် ရေးခြင်း ဖြစ်သည်။ လူမမာ အတုများကို ဆိုလိုသည်။

၂။ ၆၀၆ ဆိုသည်မှာ Asphenamine ကို ဆိုလိုသည်။ ပင်နီဆီလင် မပေါ်မီက ကာလသားရောဂါကုရာတွင် သုံးစွဲသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ရှေးကတည်းက နာမည်တစ်လုံးနဲ့နေခဲ့တဲ့ လုပ်ငန်း*

ဒြိဝတ္ထုတို့မှာ ဆရာကြီးလောဝ်ရှယ်က လူတစ်ဦးတစ်ယောက်ရဲ့ သိက္ခာတရား၊ မိမိ ကိုယ် မိမိ တန်ဖိုး ထား တတ် မှု အကြောင်းကို ဖော်ချင်တာ။ အဓိကဇာတ်ဆောင် ရှင်ဒကျီကို သတိထား ကြည့်ကြစေချင်တယ်။ လောဝ်ရှယ် ပြောချင်တာကတော့ တစ်ခါတစ်ရံမှာ ဖြစ်ပေါ်လာတဲ့ အခြေအနေအရပ်ရပ်ကို လူတစ်ဦးတစ်ယောက်အနေနဲ့ အန်တုလို့ မရဘူး။ ကိုယ့်ဘာသာကိုယ် တန်ဖိုးထားနေလို့ မဖြစ်ဘူး ဆိုတဲ့ အချက်ပဲ။ ကိုယ်ကျိုးစွန့်တယ်ဆိုတိုင်း 'ဖြစ်နေခြင်း' အနေအထားကို 'ဖြစ်သင့်ခြင်း'အတိုင်း ဖြစ်လာအောင် လုပ်မပေးနိုင်ဘူး။ တစ်ချိန်တည်းမှာပဲ လောဝ်ရှယ်က မနေပိုးထည်တိုက်နဲ့ တရုတ်ပြည်ကြီး ယှဉ်ပြသွားတာပဲ။ ခေတ်သစ် လူ့အဖွဲ့အစည်းဟာ သမိုင်းအစဉ်အလာနဲ့ ရှိခဲ့တာ။ ဖြစ်ခဲ့တာတွေကို သိပ်ဂရုမစိုက်တော့ဘဲ ပေါ်ပင်နောက်

* An Old and Established Name

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်သွားတတ်တယ်ဆိုတာ ခနပိုးထည်တိုက်လို အစဉ်
အလာကောင်းတွေဟာ တဖြည်းဖြည်း မှေးမှိန်လာတယ်
ဆိုတာတွေကို ပြချင်တာပဲ]

ခန ပိုးထည်တိုက်မှာ မန်နေဂျာ 'ချင်' အလုပ်က ထွက်သွားက တည်းက အကြီးတန်းအလုပ်သင်၁ 'ရှင်ဒကျီ'တစ်ယောက် လုပ်ကိုင်နေရတာဖြင့် နားချိန်ကို မရှိသလောက်ပဲ။ အစားမှန်မှန် မစားဖြစ်တာတောင် ရက်အတော်ကြာသွားပြီ။ မန်နေဂျာ ချင်က ပိုးထည်လုပ်ငန်းနဲ့ ပတ်သက်လို့ ရှေးရိုးသမား။ အတွေ့အကြုံက တစ်လှေကြီး။ ခန ပိုးထည်တိုက်လိုပဲ ရှေးကတည်းက နာမည်တစ်လုံးနဲ့ နေခဲ့တာလို့ လူတကာက လက်ခံထားရတဲ့လူ။ လုပ်ငန်းနဲ့ပတ်သက်လို့ ရှင်ဒကျီကို မန်နေဂျာ ချင်က လက်သပ်မွေးပြီး သင်ကြားပေးထားတာ။ မန်နေဂျာ ချင် ထွက်သွားတာနဲ့ ပတ်သက်လို့ သူ့စိတ်ထဲမှာ ကသိကအောက် ဖြစ်နေရတာဟာ သူ့ခံစားချက် သက်သက်ကြောင့်တော့လည်း မဟုတ်ဘူး။ မန်နေဂျာ ချင် မရှိတော့ပေတဲ့၊ သူ့မှာ ဆန္ဒရှိပေတဲ့လည်း မန်နေဂျာရာထူးကို သူရဖို့ဆိုတာက သိပ်အလားအလာမရှိလှဘူး ဆိုတာကို တွေးပူရင်း သောကရောက်ရလို့လည်း မဟုတ်ဘူး။ ဘာကြောင့် သောကပွားနေရတယ် ဆိုတာကို သူ့ဘာသာလည်း မသိဘူး။ မန်နေဂျာ ချင် အလုပ်က ထွက်အသွားမှာ ယူသွားလိုက်တဲ့ တစ်ခုခုလိုပဲ နေမယ်။ ဘာရယ်လို့ ဘယ်တော့မှ သိရမှာ မဟုတ်ဘူး။

မန်နေဂျာအသစ် 'ကျို' ရောက်လာတယ်။ ရှင်ဒကျီအတွက်ကတော့ သူ့အတွေး၊ သူ့သောကတွေဟာ ဘာမှ မဟုတ်တော့ဘူးရယ်လို့ သိလာရတယ်။ အရင်ကတော့ မန်နေဂျာအိုကြီး ထွက်သွားတာအတွက် ဝမ်းနည်းခဲ့ရတယ်။ ခုတော့ မန်နေဂျာအသစ် ရောက်လာလို့ တအားကြီးကို ဒေါသထွက်နေရပြန်တယ်။ မန်နေဂျာ ကျိုက လူလည်။ ပိုက်ဆံကို ရတဲ့တည်းနဲ့ ယူမယ်ဆိုတဲ့ လူမျိုး။ ခနပိုးထည်တိုက်ဆိုတာက ရှေးကတည်းက နာမည်တစ်လုံးနဲ့ နေလာတာ။ ခုတော့ နည်းမျိုးစုံသုံးပြီး ပစ္စည်းဝယ်မယ့် လူတွေကို ဆိုင်ထဲရောက်အောင် လုပ်နေတယ်။ ရှင်ဒကျီကတော့

mgyoe.com

mgyoe.com SAMPLE BOOK

အံ့အားသင့်ရလွန်းလို့၊ စိတ်ပျက်လက်ပျက်နဲ့ မျှော်လင့်ချက် ကင်းရလွန်းလို့ ပါးစပ်အဟောင်းသားရယ်နဲ့။ ဒါကြောင့် သူ့မျက်နှာဟာ ပေါင်းအိုးထဲမှာ အပေါင်းလွန်သွားတဲ့ ပေါက်စီများ အလယ်ကောင်က ဟက်တက်ကွဲသလိုမျိုး ဖြစ်နေတယ်။ **ပိုးထည်လုပ်ငန်းနဲ့ပတ်သက်လို့ ရှေးကတည်းက အတွေ့အကြုံရှိတဲ့လုပ်ငန်း ...။ နာမည်တစ်လုံးနဲ့နေခဲ့တဲ့ လုပ်ငန်း ...။ ရှေးထုံးစဉ်လာအတိုင်း** ဆိုတာတွေ အားလုံးဟာ မန်နေဂျာ ချင်နဲ့အတူ ပျောက်ကွယ်သွားကြပြီ။ ဘယ်သောအခါမှ ပြန်လာတော့မှာ မဟုတ်ဘူး။ မန်နေဂျာ ချင်က လူကြီးလူကောင်း။ ရိုးသားတယ်။ ဒီတော့လည်း ခနပိုးထည်တိုက်အတွက် အရှုံးပေါ်တယ်။ ကိုယ်ကျင့်တရားအပိုင်းက ကောင်းမွန်လို့ ရိုးသားတယ်ဆိုတိုင်းက ပိုက်ဆံရတဲ့ကိစ္စမှ မဟုတ်လေတော့ ပိုင်ရှင်တွေအနေနဲ့ကတော့ ဘဝင်မကျဘူး။ သူတို့အတွက်ကတော့ နှစ်ကုန်လို့ စာရင်းရှင်းရင် အမြတ်အစွန်းရဖို့ပဲ။ ဒီတော့လည်း မန်နေဂျာ ချင်ကို အလုပ်က ထွက်ခွင့်ပေးလိုက်တော့တယ်။

မှတ်မိသလောက် ပြောရရင်တော့ ခနပိုးထည်တိုက် ဆိုတာက အင်မတန် ယဉ်ကျေးသိမ်မွေ့တယ်ဆိုတဲ့ နာမည်တသင်းသင်းနဲ့ နေခဲ့တာပါ။ ဆိုင်အပြင်ဘက်မှာတော့ ဆိုင်နာမည်ကို ရွှေရောင်နောက်ခံပေါ်မှာ အနက်ရောင်နဲ့ ရေးထားတယ်။ ဆိုင်အတွင်းဘက်မှာတော့ အစိမ်းရောင် ရိုးရိုးလေး သုတ်ထားပြီး ကောင်တာအနက်ပေါ်မှာ အပြာရောင်ချည်ထည် လွှမ်းထားတယ်။ လေးထောင့်စပ်စပ် ထိုင်ခုံကြီးတွေကတော့ သိုးမွေး အပြာရောင်နဲ့။ လက်ဖက်ရည်စားပွဲပေါ်မှာက ပန်းအခြောက် မဟုတ်ဘူး။ လတ်လတ်ဆတ်ဆတ် ပန်းအစိုတွေ။ မမေ့ရက်နိုင်တာ တစ်ခုကတော့ မီးထွန်းပွဲတော်ကာလမှာ မီးပုံးကြီး လေးခုကို အနီရောင်ပန်းဖွားတွေနဲ့ ထွန်းလေ့ရှိတာက လွဲလို့ တခြားကုန်သည်တွေ လုပ်လေ့ရှိတဲ့ ဆုတ်ဖြဲကားရား အပြင်အဆင်မျိုး ခနပိုးထည်တိုက်မှာ လုပ်လေ့မရှိခဲ့ဘူး ဆိုတာပဲ။ နောက်တစ်ချက် မေ့ထားလို့ မဖြစ်တာက ခနပိုးထည်တိုက်မှာ ဈေးဝယ်လာတဲ့လူ အလိုကျ ဈေးလျှော့ရောင်းတာမျိုး၊ ဈေးညှိတာမျိုးတွေ မရှိဘူး။ ကြော်ငြာတွေ တစ်ပုံတစ်ခေါင်း လုပ်မနေဘူး။ အထူး လျှော့ဈေးရောင်းပွဲ မလုပ်ဘူး။ ဒီတော့ ခနပိုးထည်တိုက်အနေနဲ့ တကယ်တမ်း

mgyoe.com

mgyoe.com
SAMPLE BOOK

ရောင်းချနေတာဟာ သူ့ရဲ့ နာမည်တစ်လုံးပဲ။ မှတ်မိသရွေ့ကတော့ ခနပိုးထည်တိုက်မှာ ဆိုင်ထဲဝင်လာတဲ့ ဈေးဝယ်ကို စီးကရက်ကမ်းတာမျိုး မရှိဘူး။ ဆိုင်ဝန်ထမ်းတွေကလည်း ကျယ်ကျယ်လောင်လောင်နဲ့ အော်ဟစ် ပြောဆိုနေတာမျိုး မရှိဘူး။ ဆိုင်ထဲမှာ ကြားရတတ်တာကတော့ မန်နေဂျာကြီးရဲ့ လည်ချောင်းရှင်းသံနဲ့ တစ်ခါတလေ ချောင်းဟန့်သံလောက်ပဲ။

ဆိုင်ကို မန်နေဂျာ ကျို ရောက်လာတယ်ဆိုကတည်းက ဆိုင်မှာ ရှေးက ရှိခဲ့တဲ့ အစဉ်အလာတွေ၊ ရှေးကတည်းက ရှိခဲ့တဲ့ ဆိုင်ရဲ့ဖောက်သည် အတော်များများတွေဟာ ဒီဆိုင်ကိုတော့ဖြင့် ပြန်မလာကြတော့ဘူးရယ်လို့ ရှင်ဒကျီက မြင်လိုက်မိပြီးသား။ အားလုံးတော့ဖြင့် နိဂုံးကမ္ပတ်အဆုံးသတ်သွားကြလေပြီကော။ မန်နေဂျာသစ်ရဲ့ မျက်လုံးထဲမှာက မရိုးမသားတွေ မြင်နေရတယ်။ မန်နေဂျာသစ်ကတော့ မျက်လွှာကို ချလို့၊ မျက်လုံးကို ပိတ်တယ်ရယ်လို့ မရှိဘူး။ သူခိုးဖမ်းမယ်ဆိုတဲ့ အကြည့်မျိုးနဲ့ တစ်ကမ္ဘာလုံးကို စူးစိုက်ကြည့်ရင်း နေတယ်ဆိုတဲ့ လူမျိုး။ ဒါပေတဲ့ သူက မျက်လုံးစုံပိတ်ထားပြီး ခွေးခြေတစ်လုံးပေါ်မှာ ထိုင်နေတယ်ဆိုတဲ့ အခါမျိုးမှာတောင် အလုပ်သမား တစ်ယောက်ယောက်က တစ်ခုခုများ မှားလုပ်လိုက်မိရင်ဖြင့် သူက ချက်ချင်းဆိုသလိုပဲ သိတယ်။

ရှင်ဒကျီ တွေးပူထားတဲ့အတိုင်းပဲ။ မန်နေဂျာ ကျို ရောက်လာပြီးတော့ ရက်သိပ်မကြာလိုက်ဘူး။ ခနပိုးထည်တိုက်ဟာ လမ်းနံဘေးက ကြည့်ချင်ပွဲတစ်ခုအဖြစ် ပြောင်းသွားတော့တာပဲ။ မန်နေဂျာသစ်က ဆိုင်ရှေ့ဆီက ဝင်ပေါက်နားဆီမှာ ‘လျှော့ဈေးကြီး’ဆိုတဲ့ ဆိုင်းဘုတ်တစ်ခု ချလိုက်တယ်။ ပြီးတော့ ဓာတ်ငွေ့သုံးတဲ့ မီးတောက်ကြီးနှစ်ခု ထွန်းထားတယ်။ အံ့အားတသင့်သင့်နဲ့ လှည့်ကြည့်ကြရအောင်လို့။ ဒါနဲ့မှ အားမရသေးဘူး။ ရှေ့က တံခါးပေါက်နားဆီမှာ ဗုံတီးတဲ့သူတစ်ယောက်၊ ခရာမှုတ်တဲ့လူတစ်ယောက် ထားသေးတယ်။ နားမခံသာအောင် မတော်မတည့် တီးမှုတ်နေတာကတော့ နေထွက်ကနေ ညဥ့်နက်သန်းခေါင်ကျော်အထိပဲ။ ပြီးတော့ အလုပ်သင်ကလေး လေးယောက် ထပ်ခန့်ထားပြီး လမ်းမပေါ်မှာ စုန်ချည်ဆန်ချည် လျှောက်ရင်းနဲ့ သူတို့ရဲ့ လက်

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ကမ်းနဲ့ မီးသမ္မ လက်ကမ်းကြော်ငြာ ဝေခိုင်းပြန်တယ်။

မန်နေဂျာ ကျိုက ဒါလောက်နဲ့ ဘယ်ကျေနပ်ပါ့မလဲ။ စာရေး နှစ်ယောက် ထပ်ခန့်ပြန်တယ်။ သူတို့ရဲ့တာဝန်ကတော့ ဆိုင်ထဲ ဝင်လာတဲ့ ဈေးဝယ်မှန်သမျှကို စီးကရက်ကမ်းဖို့၊ လက်ဖက်ရည်တိုက်ဖို့။ ဆိုင်ရှေ့နားဆီ ဝင်ပြီး ခြောက်လက်မ အရွယ်လောက်ရှိတဲ့ ရိုးရိုးပိတ်စကလေး ဝယ်တယ်ဆိုရင်တောင် နောက်ဘက်ထဲ အတင်းဖိတ်ပြီး စီးကရက် တိုက်တော့တာကိုး။ ဒီတော့လည်း လမ်းပေါ်က စစ်သားတို့၊ အမှိုက်သိမ်းတဲ့ လူတို့၊ စားသောက်ဆိုင်က စားပွဲထိုးကလေးမတွေတို့ ရှိရှိသမျှလူ ဆိုင်ထဲ ဝင်ပြီး စီးကရက် လာသောက်ကြလေတော့ ခနပိုးထည်တိုက်ဟာ မီးခိုးတလူလူ ဖြစ်လာတယ်။ အမွှေးတိုင်တွေ ထွန်းလွန်းလို့ မီးခိုးတလူလူ ဖြစ်နေတဲ့ ဘုရားကျောင်းနဲ့တောင် တူလာတယ်။ မန်နေဂျာ ကျိုကတော့ ဖြင့် ဒီလောက်နဲ့ မကျေနပ်နိုင်သေးပြန်ဘူး။ လူတစ်ယောက်ယောက်က တစ်ပေရှည်တဲ့ ပိတ်စတစ်စ ဝယ်ရင် သူက နောက်ထပ် တစ်ပေ အလကား ပေးတယ်။ ဒို့ပြင် အိမ်က ကလေး ကစားဖို့ နိုင်ငံခြားကလာတဲ့ ကော်ပတ်ရုပ် တစ်ရုပ်တောင် ပေးလိုက်သေး။ ဆိုင်က အလုပ်သမားတွေ၊ အလုပ်သင်တွေ အားလုံးလည်း ဈေးဝယ်လာတဲ့လူ အားလုံးနဲ့ ပရောပရည် လုပ်ရတယ်။ ရယ်ရွှန်းဖတ်ရွှန်းနဲ့ စကားပြောကြရတယ်။ ဈေးဝယ်လာတဲ့ လူက လိုချင်တဲ့ပစ္စည်း ဆိုင်မှာမရှိရင် မရှိဘူးလို့ မပြောကြရဘူး။ ဆိုင်မှာရှိတဲ့ ပစ္စည်းကို ရတဲ့နည်းနဲ့ အတင်း ထိုးရောင်းကြရတယ်။ ဝယ်တဲ့ ပစ္စည်းက ဆယ်ဒေါ်လာကျော်ရင် ဆိုင်က အလုပ်သင် အလုပ်သမား ကလေးတွေက အိမ်တိုင်ရာရောက် လိုက်ပို့ပေးရတယ်။ အဲဒီလို လုပ်ဖို့ မန်နေဂျာ ကျိုက စက်ဘီးအစုတ် နှစ်စီး ဝယ်ထားပါသေး။

ရှင်ဒကျို ခမျာမှာတော့ ချောင်တစ်ချောင်မှာ သွားထိုင်ပြီး ငိုလိုက်ချင်တော့တယ်။ ခနပိုးထည်တိုက်မှာ ကျိုးကျိုးနွံနွံ သစ္စာရှိရှိနဲ့ လုပ်ကိုင်လာတဲ့ ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်အတွင်းမှာ တစ်နေ့ ဒီလိုဖြစ်လာလိမ့်မယ်လို့ကို မတွေးမိခဲ့ဘူး။ လူတွေရဲ့ မျက်လုံးတွေကိုတောင် ဘယ်လိုရင်ဆိုင်ရမှန်း မသိတော့ဘူး။ အရင်တုန်းကဆိုရင် လမ်းထဲမှာ ခနပိုးထည်တိုက်ကို မလေးမစားရှိခဲ့တာ ရှိမှ မရှိခဲ့ဘူး မဟုတ်လား။ ညနေတိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်က အလုပ်သမားကလေး တစ်ယောက်ယောက်က ဆိုင်ရှေ့မှာ မီးပုံး ထွက်ထွန်းတဲ့အခါ တခြားလူ မပြောနဲ့၊ ပုလိပ်သားကလေးကတောင် လေးလေးစားစားနဲ့ ကြည့်ကြရတယ်။ မှတ်မိကြဦးမှာပါ။ စစ်သားတွေ ဝင်လာကြတုန်းက ...၂။ စစ်ကာလမို့ လုကြယက်ကြလေတော့ ခနပိုး ထည်တိုက်လည်း တခြားဆိုင်တွေလို လုယက်ခံခဲ့ရတယ်။ ဒါပေတဲ့ ဆိုင် ရှေ့ဆီက 'အရင်ဈေးနဲ့တော့ မရဘူး'ဆိုတဲ့ ဆိုင်းဘုတ်က ပြုတ်မသွား ဘူး။ တခြားဆိုင်တွေကတော့ အဲဒီလို မဟုတ်ကြဘူးကိုး။ ဒီတော့လည်း ခနပိုးထည်တိုက်ရယ်လို့ ဆိုင်ရှေ့က ရွှေရောင်ဆိုင်းဘုတ်ဟာ လူရှိသေ ရှင်ရှိသေရယ်ပါ။

ရှင်ဒကျိုတစ်ယောက် ဒီမြို့မှာနေခဲ့တာ အနှစ်နှစ်ဆယ်။ ဒီဆိုင်မှာ လုပ်လာတာ ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်။ တကယ်တော့ ခနပိုးထည် တိုက်ဟာ သူ့ရဲ့ ဒုတိယအိမ်ပဲလို့တောင် ပြောနိုင်တယ်။ သူ ပြောပုံဆိုပုံ၊ ချောင်းဟပ်ပုံက အစ သူ ဝတ်နေကျ အပြာရောင် အပေါ်အင်္ကျီရှည်ကြီး ဟာ ခနပိုးထည်တိုက်က ပေးထားတာတွေလို့ ပြောရမှာပဲ။ ဒီဆိုင်က သူ့ကိုယ်သူ ဂုဏ်ယူစရာဖြစ်အောင် လုပ်ပေးထားတာ။ ဒီတော့ သူက လည်း ဆိုင်ကို ဂုဏ်ယူတယ်၊ တန်ဖိုးထားတယ်။ အပြင်ကို သွားပြီး ပိုက်ဆံသိမ်းရတဲ့ အခါမျိုးတွေမှာ သူ့ကို ဟိုအိမ်ဒီအိမ်က လက်ဖက်ရည် သောက် ဖိတ်ကြရတာကိုသာ ကြည့်။ ဆိုင်အနေနဲ့ကတော့ စီးပွားရေး လုပ်ငန်းတစ်ခု ဖြစ်တယ် ဆိုပေတဲ့လည်း ဆိုင်ရဲ့ဖောက်သည်တွေကို မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်းတွေလို့ သဘောထားတာ။ ဒါကြောင့် ပဲ မန်နေဂျာ ချင်ဟာ ဖောက်သည်တွေရဲ့ သာရေးနာရေး ပွဲတိုင်းလိုလို မှာ ပါနေရတာ။ ခနပိုးထည်တိုက်ဟာ စီးပွားရေးလုပ်ငန်းလို့ ဆိုပေတဲ့ လည်း 'လူကြီးလူကောင်းအနေနဲ့ လုပ်တဲ့' စီးပွားရေးလုပ်ငန်းမျိုးပါ။ ဒါကြောင့်မို့ပဲ ဆိုင်ရဲ့ဝင်ပေါက်ကြီး ရှေ့နားဆီက ထိုင်ခုံတန်းလျားပေါ် မှာဆိုရင် အနီးအနားတစ်ကြောက ဂုဏ်သရေရှိ လူကြီးမင်းတွေ လာပြီး ထိုင်နေတတ်ကြတာကို တွေ့ရနိုင်တယ်။ လမ်းထဲမှာ လှည့်လည်ပွဲတွေ၊ ပွဲလမ်းတွေ ရှိတဲ့အခါ ဆိုင်ရဲ့ဖောက်သည်တွေအတွက် မန်နေဂျာ ချင်က ထိုင်ခုံတွေ စီစဉ်ပေးထားလေ့ ရှိတယ်။ ရှင်ဒကျိုရဲ့ ရင်ထဲ၊ အသည်းထဲ

mgyoe.com

mgyoe.com SAMPLE BOOK

မှာတော့ ခနပိုးထည်တိုက်ရဲ့ အတိတ်ဆီက ဂုဏ်သရေမျိုးစုံဟာ အမြဲလိုပဲ ရှိနေခဲ့တာ။ ခုတော့ကော ...။

စီးပွားရေးလုပ်ငန်း ဆိုတာကလည်း ကာလတရားအပေါ်မှာ တည်ပြီး ပြောင်းလဲတတ်ပါသကော ဆိုတာက ရှင်ဒကျီ မသိလို့တော့ မဟုတ်ဘူး။ ဆိုကြပါစို့ရဲ့။ ခနပိုးထည်တိုက်ရဲ့ ဘေးဘီမှာ ရှေးကတည်းက ရှိလာပြီး နာမည်ရထားတဲ့ ဆိုင်တွေဆိုရင် သူတို့ရဲ့ မူလလက်ဟောင်း လုပ်ပုံကိုင်ပုံတွေကို လွှင့်ပစ်ခဲ့ကြတာ ကြာပါပြီကော။ (နောက်ပေါက်ဆိုင်တွေကိုတော့ ထည့်စဉ်းစားစရာ မလိုလှဘူး။ သင်းတို့မှာက အစဉ်အလာလို့ ပြောစရာက ဘယ်က စရမှန်းမှ မသိတာ) ဒါတွေကို ရှင်ဒကျီ တစ်ယောက် ကောင်းကောင်း သိပါတယ်။ တကယ့် အကြောင်းရင်းကတော့ ခနပိုးထည်တိုက်ဟာ သူ့ရဲ့အစဉ်အလာကို မြဲမြဲစွဲစွဲ လက်ကိုင်ထားလာခဲ့တာ။ အဲဒီလို လက်ကိုင်ထားလာခဲ့တာကို ရှင်ဒကျီက သဘောကျနေခဲ့တာ၊ ဂုဏ်ယူနေခဲ့တာ။ ဒီတော့ ခနပိုးထည်တိုက်ကမှသာ ပိုးစစ်စစ်။ ကျန်တာတွေက ရောကျော်၊ အတုအယောင်တွေလို့ ရှင်ဒကျီက လက်ခံထားတဲ့ သဘောပဲ။ တကယ်လို့များ ခနပိုးထည်တိုက်သာ အခက်အခဲနဲ့ ကြုံလို့ ဒုက္ခများခဲ့ရတယ် ဆိုရင်ဖြင့် ကမ္ဘာကြီးဟာ ပျက်ဖို့ပဲ ရှိတော့တယ်။ ခုတော့ သောက်ကျိုးနည်းပါပကောလို့ပဲ ရှင်ဒကျီအနေနဲ့ ဝန်ခံရဖို့ပဲ ဖြစ်လာနေတော့တယ်။ ခနပိုးထည်တိုက်လည်း တခြားဟာတွေလောက် မဆိုးတောင် တခြားဆိုင်တွေလိုပါပဲလားလို့ ပြောရတော့မယ်။

အရင်တုန်းက ရှင်ဒကျီ စိတ်ထဲမှာ ဘဝင်မကျဖြစ်နေတာက သူတို့ဆိုင်ရဲ့လမ်း တခြားဘက်မှာ 'ပိုးထည်ရွာ'လို့ခေါ်တဲ့ ဆိုင်ပဲ။ ဆိုင်ရဲ့မန်နေဂျာကတော့ နှုတ်ခမ်းမှာ စီးကရက်တွဲလောင်းနဲ့။ ဖိနပ်မြီးတို ဝတ်ပြီး ပျင်းပျင်းရိရိနဲ့ ခြေထောက်ကို ဆွဲလျှောက်တတ်တယ်။ ပါးစပ်ဟလိုက်ရင်တော့ ရွှေသွားတွေကို ပေါ်ရော။ မန်နေဂျာ မိန်းမကတော့ အမြဲလိုပဲ ကလေးတွဲလောင်းနဲ့။ ကျောမှာ တစ်ယောက်၊ လက်ထဲမှာ တစ်ယောက်၊ အင်္ကျီအိတ်ကပ်တွေထဲမှာတောင် ရှိလေမလားပဲ။ တစ်နေကုန် ဆိုင်ထဲ ဝင်လိုက်၊ ထွက်လိုက်နဲ့ရယ်။ စကားကလည်း အလွန်များပဲ။ သူ ပြောတာက တောင်ဘက်ဒေသတွေက အသံထွက်မျိုးမို့ ရှင်ဒကျီ

mgyoe.com

mgyoe.com SAMPLE BOOK

ကတော့ ကောင်းကောင်း နားမလည်ဘူး။ သူတို့လင်မယား စကားများလည်း ဒီဆိုင်မှာပဲ။ ကလေးတွေကို ရိုက်ရင်၊ ကလေးတွေကို နို့တိုက်ရင်လည်း ဒီဆိုင်မှာပဲ။ ဒီတော့ ဒီဆိုင်က စီးပွားရေးလုပ်ငန်း လုပ်တဲ့နေရာပေပဲလား၊ မိသားစု ဆပ်ကပ်ပြပွဲပြတဲ့နေရာလား ဆိုတာတောင် ပြောရခက်တယ်။ တစ်ခု သေချာတာကတော့ မန်နေဂျာ မိန်းမရဲ့နို့မှာ ကလေးတွဲလောင်းနဲ့ ဆိုတာပဲ။ သူတို့ဆိုင်မှာ အလုပ်လုပ်တဲ့ စာရေးတွေကိုတော့ သူတို့ ဘယ်က ရှာဖွေလာခဲ့မှန်း ရှင်ဒကျီ တွေးကြည့်လို့ မရဘူး။ အားလုံး သားရေဖိနပ်ပါးပါး ဝတ်ကြပေတဲ့ အများစုကတော့ ပိုးအင်္ကျီ ဝတ်ကြတယ်။ နားသယ်စပ်ဆီမှာ ပရုတ်ဆီ တို့ထားကြတာကတော့ သိသိသာသာပဲ။ တချို့က ဆံပင်ကိုကျစ်ပြီး နောက်ဘက်ချထားတော့ သူတို့ခေါင်းကို ကြည့်ရတာ ယွန်းဇွန်းအနက်ရောင်ကြီးရဲ့ အောက်ဘက်ပိုင်းနဲ့တောင်တူသေး။ တချို့ကတော့ ရွှေကိုင်းမျက်မှန် တပြောင်ပြောင်နဲ့ရယ်။

ဒီအချက်တွေအပြင် ပိုးထည်ရွှာ ဆိုင်မှာက မကြိုက်စရာတွေ အပုံကြီး။ လျှော့ဈေးရောင်းတယ် ဆိုတာကလည်း နှစ်တစ်ပတ်ကို လည်ရော။ ဆိုင်ရှေ့မှာကလည်း ဓာတ်ငွေ့နဲ့ထွန်းတဲ့ အရောင်မျိုးစုံ ပြောင်ပြောင်လက်လက် မီးပုံးတွေကလည်း အပုံကြီး။ သူတို့ဆိုင်ကို ပေါ်လွင်အောင်လို့ တစ်ချိန်လုံး ဓာတ်ပြားကို အကျယ်ကြီးဖွင့်ထားတယ်။ သူတို့ဆိုင်ထဲဝင်ပြီး နှစ်ဒေါ်လာလောက်တန်တာကလေး တစ်ခုခု ဝယ်လို့ကဖြင့် မန်နေဂျာကိုယ်တိုင် သူ့လက်နဲ့ လမုန့် ကမ်းတယ်။ ဈေးဝယ်လာတဲ့လူက ငြင်းရင် သူက လည်ချောင်းထဲ အတင်းထိုးထည့်တော့မယ့် ပုံမျိုး။ ဆိုင်ထဲမှာ ရောင်းတာ မှန်သမျှကလည်း ဈေးအတိအကျ မရှိဘူး။ နိုင်ငံခြားငွေ ဆိုပြန်ရင်လည်း လဲလှယ်တဲ့နှုန်းက အတက်အကျရှိသေး။ ရှင်ဒကျီကတော့ ဆိုင်နာမည်ဖြစ်တဲ့ စာလုံးသုံးလုံးကိုတောင် ဘယ်တော့မှ အသေအချာ မကြည့်ဘူး။ သူ့စိတ်ထဲမှာတော့ ဒီလိုမျိုး စီးပွားရေးလုပ်ငန်းတစ်ခုတော့ဖြင့် လောကမှာ မရှိလောက်ဘူးလို့ ထင်တာ။ ပိုပြီး ဒေါသထွက်ဖို့ ကောင်းတာက အဲဒီဆိုင်က ဓနပိုးထည်တိုက်ရဲ့ ရှေ့တည့်တည့်မှာ။ လမ်းပဲ ခြားတာကိုး။ ဆန်းတာတစ်ခုကတော့ ပိုးထည်ရွှာက တစ်နေ့ထက်တစ်နေ့ စီးပွားရေးကောင်းနေပြီး ဓနပိုးထည်တိုက်က တစ်နေ့ထက်

mgyoe.com

mgyoe.com SAMPLE BOOK

တစ်နေ့ ကျဆင်းနေတာပဲ။ ဘယ်လိုကြောင့် ဒီလို ဖြစ်နေရတာလဲ။ ရှင်ဒကျီ အနေနဲ့တော့ စဉ်းစားကြည့်လို့ကို မရနိုင်ဘူး။ စီးပွားရေးလုပ်ငန်းလုပ်ရာမှာ အမြတ်အစွန်းမပေါ်ခင် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာကို ထည့်တွက်နေစရာ မလိုဘူးရယ်လို့ ဥပဒေတွေ ဘာတွေ ရှိမယ် မထင်ဘူး။ ရှိခဲ့မယ်ဆိုရင်တော့လည်း ဆိုင်တွေမှာ ဘာဖြစ်လို့ အလုပ်သင်ရယ်လို့ ရှိနေကြတော့မှာလဲ။ ဒီလိုဖြင့် လမ်းပေါ်မှာ တွေ့ရတတ်တဲ့ ခပ်ရိုင်းရိုင်း၊ ဘာကိုမှ သောက်ဂရုမစိုက်တဲ့ ငနဲမှန်သမျှ စီးပွားရေးထလုပ်လို့ ဖြစ်နေမှာပေါ့။ မဟုတ်သေးဘူး။ ဒီလိုတော့ဖြင့် မဖြစ်နိုင်ဘူး။ မဖြစ်ကို မဖြစ်နိုင်ဘူး။ ရှင်ဒကျီ စိတ်ထဲမှာတော့ ဓနပိုးထည်တိုက်မှာဖြင့် ဒီလိုကို မဖြစ်နိုင်ဘူးဆိုတာ အသေအချာကြီး လက်ခံထားတာ။

မန်နေဂျာ ကျို ရောက်လာပြီးတဲ့နောက် သူတို့ဆိုင်ကလည်း ပိုးထည်ရွာလို မီးပုံးတွေ ထွန်းလာလိမ့်မယ်ရယ်လို့ ရှင်ဒကျီအနေနဲ့ ဘယ်တွေးမိမှာလဲ။ ခုဆို နှစ်ဆိုင်ပေါင်းပြီး မီးပုံးတွေ ထွန်းကြတာ တစ်လမ်းလုံး မီးထိန်ထိန်နဲ့။ ခုဆို ဓနပိုးထည်တိုက်နဲ့ ပိုးထည်ရွာတို့ဟာ အသွေးတူ အမွေးတူ။ ရှင်ဒကျီအဖို့ကတော့ အိပ်မက်မက်နေသလိုပဲ။ ဒါပေတဲ့ အိပ်မက်မဟုတ်ဘူး။ သူကိုယ်တိုင်ကပါ မန်နေဂျာ ကျိုရဲ့ လုပ်နည်းကိုင်နည်းတွေကို လေ့လာနေရတယ်။ ဈေးဝယ်လာတဲ့လူတွေနဲ့ ပရောပရည်လုပ်ရတယ်။ စီးကရက် ကမ်းရတယ်။ ဆိုင်နောက်ဘက်က ကောင်တာဆီ အတင်းခေါ်ပြီး လက်ဖက်ရည်တိုက်ရတယ်။ ဒို့ပြင် အတုကို အစစ်အဖြစ်နဲ့ ရောင်းရသေးတယ်။ ပစ္စည်းလာဝယ်တဲ့လူက မပြောမချင်းရသမျှ ပိတ်ခိုးရသေးတယ်။ ဘယ်လို ပိတ်ခိုးရတယ် ဆိုတာကို ရှင်ဒကျီ တစ်ယောက် လေ့လာနေရသေးတယ်။ ပိတ်စကို မဖြတ်ခင် အောက်ဘက်က လက်ညှိုး အသာခံထားတဲ့နည်း။ ဒီတော့လည်း သူ့အနေနဲ့ ရှေ့လျှောက် ဘယ်လောက် ခံနိုင်မှာတဲ့တုံး။

ဆိုင်မှာ လုပ်နေတဲ့ လူသစ်တွေအနေနဲ့ကတော့ မန်နေဂျာသစ်ရဲ့ လုပ်နည်းကိုင်နည်းနဲ့ အဆင်ပြေကြတယ်။ အမျိုးသမီးတစ်ယောက် ဆိုင်ထဲကို ပစ္စည်းဝယ်ဖို့ ဝင်လာခဲ့ရင် သူတို့က ဝိုင်းရံထားလိုက်ကြတော့တာပဲ။ ပြီးတော့ ဆိုင်ထဲမှာ ရှိရှိသမျှ ရောင်းစရာမှန်သမျှကို အကုန် ပုံ

mgyoe.com

mgyoe.com
SAMPLE BOOK

အောပြီး ထုတ်ပြကြတော့တယ်။ အမျိုးသမီးက ဖုန်သုတ်ဖို့ အဝတ်စ တစ်ကိုက်၊ နှစ်ကိုက်ပဲ ဝယ်ဦး။ အမျိုးသမီးကို အိမ်တိုင်ရာရောက် လိုက်ပို့ကြတယ်။ ဒါမျိုးကိုတော့ဖြင့် မန်နေဂျာ ကျိုက သိပ်ကြိုက်တာ။ ဈေးဝယ်သူ တစ်ယောက်ယောက် ဆိုင်ထဲကို ဝင်လာတဲ့အခါ ဖြစ်နိုင်ရင် သူ့စာရေးတွေက ကျွမ်းတောင်ထိုးပြစေချင်သေးတယ်။ ဖြစ်နိုင်ရင် ဈေးဝယ်သူ အနားဆီမှာ ဆိုင်က စာရေးတွေ လေထဲမှာ ဝဲပျံပြီး နေနိုင်ရင် နေကြစေချင်သေးတာ။

မန်နေဂျာ ကျိုနဲ့ ပိုးထည်ရှာ ဆိုင်ပိုင်ရှင်တို့ မဟာမိတ် ဖြစ်သွားကြတယ်။ တစ်ခါတလေ သူတို့နှစ်ယောက်နဲ့ 'ပိုးထည်ဘုံဆိုင်'က နှစ်ယောက် ပေါင်းပြီး လေးယောက်သား မာကျောင်ကစားကြတယ်။ ပိုးထည်ဘုံဆိုင်ကလည်း ဒီလမ်းထဲမှာပဲ ဖွင့်တာ လေး–ငါးနှစ်လောက်ပဲ ရှိသေးတယ်။ မန်နေဂျာကြီး ချင် ရှိတုန်းကများဆိုရင် သင်းတို့ကို သောက်ဖက်တောင် မလုပ်ဘူး။ ဒီတော့ ပိုးထည်ဘုံဆိုင်က မေတ္တာတုံ့ပြန်တဲ့အနေနဲ့ ခနပိုးထည်တိုက်နဲ့ အပြိုင်ရောင်းလာရော။ ဒီလောက်နဲ့တောင် မကျေနပ်သေးလို့ ခနပိုးထည်တိုက်ကို အပြုတ်ချမယ် ဖြစ်ကရော။ မန်နေဂျာ ချင်ကတော့ အဲဒီလိုမျိုး စိန်ခေါ်တာကို မမှုဘူး။ တစ်ခါတလေတော့ ပြောလေ့ ရှိတယ်။ 'တို့က အစဉ်အလာရှိခဲ့တဲ့အတိုင်း၊ နာမည်တစ်လုံး ရထားတဲ့အတိုင်းပဲ စီးပွားရေးလုပ်တာ'တဲ့။ ပိုးထည်ဘုံဆိုင်ကတော့ နှစ်ပတ်လည်အထူးလျှော့ဈေးဆိုပြီး ရောင်းလေ့ရှိတဲ့ ဆိုင်မျိုး။ နှစ်ပတ်လည် ဆိုပေတဲ့ တစ်နှစ်တစ်ခါ ရောင်းတာမျိုး မဟုတ်ဘူး။ တစ်နှစ်မှာ သုံးရာခြောက်ဆယ့်ငါးရက် ရောင်းတာ။ ခုတော့ အဲဒီဆိုင်က လူတွေက ဒီမှာလာပြီး မာကျောင်ကစားကြသတဲ့။ ရှင်ဒကျိုကတော့ လုံးလုံးကို ဂရုမစိုက်နိုင်ဘူး။ မသိချင်ယောင် ဆောင်နေရတယ်။

အချိန်ကလေးများ ရရင်တော့ ရှင်ဒကျိုက ဆိုင်ရဲ့ ကောင်တာနောက်နားဆီမှာ ထိုင်ရင်း ဆိုင်က ပစ္စည်းတွေကို ငေးနေမိတတ်တယ်။ အရင်တုန်းကဆိုရင် ပစ္စည်းတွေအားလုံးကို အဝတ်စကြီးတွေနဲ့ ဖုံးထားတာ။ ခုတော့ မျက်နှာကြက်ကနေ ကြမ်းပေါ်အထိ ပိတ်စတွေကို အလိပ်လိုက် ဖြန့်ချထားတယ်။ ဖြတ်သွားဖြတ်လာတွေ မြင်ကြရအောင်လို့တဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

အရောင်စုံ ပြိုးပြိုးပြက်ပြက်မို့ ရုတ်တရက် မြင်လိုက်ရတဲ့သူအဖို့ မျက်လုံး တောင် ပြာသွားလောက်တယ်။ ရှင်ဒကျီရဲ့ ရင်ထဲ၊ အသည်းထဲမှာတော့ ခနပိုးထည်တိုက်ဟာ ဆက်ပြီး တည်ရှိမနေတော့ပါလားလို့ သိနေတယ်။ ဒါပေတဲ့ ပထမပတ် စာရင်းရှင်းတမ်း²ထွက်လာတော့ မန်နေဂျာ ကျိုကို ချီးကျူးရမလို ဖြစ်လာပြန်တယ်။ စာရင်းရှင်းတမ်းအရတော့ မန်နေဂျာ ကျို လက်ထက်မှာ အမြတ်အစွန်းများများစားစား မထွက်သေးပေတဲ့ မရှုံးဘူး။ မန်နေဂျာ ကျိုက ခနပိုးထည်တိုက် ရင်ဆိုင်နေရတဲ့ ပြဿနာ ထဲက ဆွဲထုတ်လာနိုင်ခဲ့တယ်လို့ ပြောရမှာပဲ။

အားလုံးကို ပြီးရင်း မန်နေဂျာ ကျိုက ပြောတယ်။ 'မင်းတို့ သိ ထားကြဖို့က ဒီဟာက ပထမပတ် စာရင်းရှင်းတမ်းပဲ ရှိသေးတယ်ဆိုတာ ပဲ။ ငါ့မှာ နည်းမျိုးစုံ အပုံကြီး ကျန်သေးတယ်။ စမ်းမကြည့်ရသေးတာ တွေ ကျန်သေးတယ်။ ငါ ကြော်ငြာလုပ်တာတွေ၊ မီးပုံးထွန်းတာတွေကို ကြည့်။ ပိုက်ဆံတော့ ကုန်တယ်။ ဒါပေတဲ့ မင်းတို့ အမြင်ပဲ။ ဒီတော့ ...' မန်နေဂျာ ကျိုက သူ ပြောနေတာတစ်ခုပြီးသလောက် ဖြစ်လာရင် ဒီတော့ ဆိုတာနဲ့ စကားဖြတ်ပြီး နောက်တစ်မျိုးကို ပြောင်းလေ့ ရှိတယ်။ 'နောက်ဆိုရင် ဘာကြော်ငြာတွေမှ လုပ်နေစရာ မလိုတော့ဘူး။ တို့ကို လူတွေ သိလာအောင် ပိုပြီး ဆန်းသစ်တဲ့နည်းနဲ့၊ ငွေကုန်ကြေးကျ နည်းတဲ့ နည်းတွေနဲ့ လုပ်ရုံပဲ။ အဲဒီအခါကျရင် အမြတ်အစွန်းက သိသိသာသာ ဖြစ်လာမယ်။ ဒီတော့ ...' ရှင်ဒကျီအနေနဲ့ မြင်လာတာကတော့ မန်နေဂျာ ကျိုနဲ့တော့ဖြင့် အရင်ကလို ပြန်ဖြစ်စရာ မရှိတော့ဘူး။ ကမ္ဘာကြီးဟာ တကယ့်ကိုပဲ ပြောင်းလဲသွားပါပေါ့။ ဒို့ပြင် မန်နေဂျာ ကျိုဟာ ပိုးထည် ဘုံနဲ့ ပိုးထည်ရွာက လူတွေနဲ့ ပုလဲနံ့ပ သင့်တယ်။ ဒီဆိုင်တွေလည်း စီးပွားရေး ကောင်းကြတယ်။

ပထမပတ် စာရင်းရှင်းတမ်း ပြီးသွားလို့ သိပ်မကြာလိုက်ဘူး။ အရပ်ထဲမှာ ရုတ်ရုတ်သဲသဲတစ်ခု ဖြစ်လာတယ်။ အဲဒါကတော့ ဂျပန်လုပ် ပစ္စည်းတွေကို ဆန့်ကျင်ကြဖို့ပဲ။ ဒါပေတဲ့ မန်နေဂျာ ကျိုကတော့ ဂျပန် ပစ္စည်းတွေ ရသမျှ လိုက်ဝယ်တယ်။ အငမ်းမရပဲ။ ဂျပန်ပစ္စည်းတွေ ရှိ၊ မရှိ လိုက်ပြီးစစ်ဆေးတဲ့ ကျောင်းသားတွေ ဦးဆောင်တဲ့ စုံစမ်းစစ်ဆေးရေး

mgyoe.com

mgyoe.com SAMPLE BOOK

အဖွဲ့ကလည်း သူတို့လမ်းထဲမှာ စစ်ဆေးနေတယ်။ မန်နေဂျာ ကျိုက တော့ ဂျပန်ပစ္စည်းတွေကို ပြောင်ပြောင်ပဲ ပြထားတယ်။ ဆိုင်အမှုထမ်း တွေကိုတော့ သူက ညွှန်ကြားချက်တစ်ခု ပေးတယ်။ 'ပစ္စည်းဝယ်ရအောင် လာတဲ့သူတွေကို ဒီဂျပန်ပစ္စည်းတွေ အရင်ပြ။ ဘယ်သူကမှ ဂျပန်ပစ္စည်း မရောင်းရဲကြဘူး။ ဒီတော့ ရတဲ့အခွင့်အရေးကို တို့က ယူရမှာပဲ။ လယ် သမား ယာသမားတွေ လာဝယ်ရင် ဒါက ဂျပန်ပစ္စည်းတွေလို့ ပြော။ သူတို့ကတော့ ဝယ်မှာပဲ။ ဒါပေတဲ့ မြို့ကလူတွေ လာဝယ်ရင်တော့ ဒါ ဂျာမနီလုပ်လို့ ပြော'တဲ့။

ကျောင်းသားတွေ ဦးဆောင်တဲ့ စစ်ဆေးရေးအဖွဲ့တွေ ရောက်လာ တော့ မန်နေဂျာ ကျိုရဲ့ မျက်နှာဟာ အပြုံးတွေနဲ့ ပြည့်လို့။ ထုံးစံအတိုင်း စီးကရက်တည်၊ လက်ဖက်ရည်တိုက်၊ ပြီးတော့ 'မနေပိုးထည်တိုက်မှာ ဂျပန်ပစ္စည်း ဘယ်တုန်းကမှ မရောင်းခဲ့ပါဘူး။ ဆိုင်ဝနားဆီက ဟာတွေ က ဂျာမနီကပါ။ တချို့ဟာတွေကတော့ အရပ်က ထွက်ကုန်တွေပါ။ ဆိုင်ရဲ့အတွင်းပိုင်းမှာကတော့ တရုတ်ပိုးစစ်စစ်တွေချည်းပါပဲ။ တောင် ဘက်ဆီက ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ်ဆိုင်တွေက တိုက်ရိုက်ပို့ထား တဲ့ ကုန်တွေပါ'လို့ ပြောတယ်။

ကျောင်းသားအဖွဲ့က ပွင့်ရိုက်ထည်တွေကို ကြည့်ပြီး သံသယ ဝင်ပုံရတယ်။ မန်နေဂျာ ကျိုက ပြုံးလိုက်ရင်း လှမ်းပြီး အော်ပြောတယ်။ 'ဟေ့ ... နောက်ဖေးထဲဆီက မရောင်းဘဲ ပစ်ထားတဲ့ ဂျပန်ပစ္စည်းတွေ ဒီကို ယူခဲ့စမ်း'တဲ့။ ပစ္စည်းတွေ ရောက်လာတော့ စစ်ဆေးရေးအဖွဲ့ခေါင်း ဆောင် ကျောင်းသားကို အသာ လက်ဆွဲလိုက်ရင်း 'ဆရာသမား၊ ဟောဒီ ဟာက ဂျပန်ပစ္စည်းပဲ။ အသားကတော့ ခင်ဗျားဝတ်ထားတဲ့ အင်္ကျီသား နဲ့ အတူတူပဲ။ ဒီတော့ ...'လို့ ပြောလိုက်တယ်။ ပြီးတော့ မန်နေဂျာ ကျို က လှည့်ကြည့်လိုက်ရင်း 'ဟေ့ ... ဒီပစ္စည်းတွေ လမ်းပေါ် လွှင့်ပစ်လိုက် ကြစမ်း'လို့ ညွှန်ကြားလိုက်တယ်။ စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် ကျောင်း သားကတော့ သူ ဝတ်လာတဲ့ ရှပ်အင်္ကျီကို ငုံ့ကြည့်ရင်း ခေါင်းတောင် မထောင်ရဲတော့ဘူး။ ကျန်တဲ့ ကျောင်းသားတွေကတော့ ဆိုင်ထဲက ထွက် သွားကြရော။

mgyoe.com

mgyoe.com SAMPLE BOOK

မန်နေဂျာ ကျိုက ဂျပန်ဖြစ် အထည်တွေနဲ့ အတော် ပိုက်ဆံဖြစ်လိုက်တယ်။ ဂျပန်ဖြစ် ပစ္စည်းတွေခများမှာလည်း ဂျာမနီဖြစ်၊ တရုတ်ဖြစ်၊ အင်္ဂလိပ်ဖြစ် ... အကုန်လုံး ဖြစ်ကြရတော့တာပဲ။ တကယ်လို့ ပစ္စည်းလာဝယ်တဲ့ လူတစ်ယောက်ယောက်က ဆိုင်ကပြတဲ့ ပစ္စည်းကို မကြိုက်လို့ ငြင်းခဲ့ရင် မန်နေဂျာ ကျိုက 'ဟော့ ... အနောက်နိုင်ငံကလာတဲ့ ပစ္စည်းစစ်စစ် ထုတ်ခဲ့စမ်းပါ။ ဟောဒီပုဂ္ဂိုလ်က ပစ္စည်းစစ် ပစ္စည်းမှန်ရဲ့ တန်ဖိုးကို နားလည်တဲ့ပုဂ္ဂိုလ် ဆိုတာကိုမှ မင်းတို့ မသိကြဘူးလား'လို့ ဆိုင်အမှုထမ်းတွေကို ကြိမ်းသေးတာ။ ပြီးတော့ ပစ္စည်းလာဝယ်တဲ့လူဘက်လှည့်ပြီး 'ခင်ဗျားလို ပုဂ္ဂိုလ်မျိုးကတော့ ကိုယ် ဘာလိုချင်တယ်ဆိုတာကို သိတဲ့လူမျိုး။ ဟောဒီဟာမျိုးကို အလကားပေးတောင် ယူမှာ မဟုတ်ဘူး။ ဒီတော့ ...'လို့ ပြောရင်း ဝယ်သူကို အသာ တင်ပေးလိုက်သေးတယ်။ ဒီလို အပြောနဲ့ပဲ ပစ္စည်းတစ်ခုကို ရောင်းလိုက်တော့တာ။ ဒီတော့လည်း တခြား ဈေးဝယ်လာတဲ့ လူတွေက မန်နေဂျာ ကျို အနားကနေ အသာ ခွာကြရတော့တယ်။ မဟုတ်ရင် သူက တစ်ခုခု ရောင်းတော့မှာ။ ရှင်ဒကျီ တွေးလာမိတာ တစ်ခုကတော့ စီးပွားရေးလောကမှာ ပိုက်ဆံဖန်တီးနိုင်ဖို့ကတော့ တစ်ချိန်တည်းမှာ မျက်လှည့်ဆရာနဲ့ အပြောကောင်းတဲ့ လူရွှင်တော်ဖြစ်ဖို့ လိုတယ် ဆိုတာပဲ။ မန်နေဂျာ ကျိုက တစ်ခုခုတော့ တစ်ခုခုပဲ။ ရှင်ဒကျီကတော့ ခနပိုးထည်တိုက်မှာ အလုပ်ကို မလုပ်ချင်တော့ဘူး။ မန်နေဂျာ ကျိုကို သူ့အနေနဲ့ ပိုပြီး သဘောကျလာသလို သူ့မှာလည်း ပိုပြီး ဒုက္ခခံစားလာရတယ်။ ခုလောလောဆယ်မှာတော့ အစားအသောက်တောင် မျိုလို့ မကျချင်ဘူး။ တကယ်လို့ သူ့အနေနဲ့ အရင်ကလို ညဘက်မှာ ကောင်းကောင်း အိပ်ပျော်ချင်ရင်ဖြင့် ခနပိုးထည်တိုက်ကို စွန့်ရပေလိမ့်မယ်။

ရှင်ဒကျီတစ်ယောက် တခြား တစ်နေရာရာမှာ အလုပ်ရှာမယ် အလုပ်မှာ မန်နေဂျာ ကျိုတစ်ယောက် အလုပ်က ထွက်သွားတယ်။ ပိုးထည်ဘုံဆိုင်မှာ မန်နေဂျာ ကျိုလို လူမျိုး လိုချင်နေတာ။ မန်နေဂျာ ကျိုက အပြောင်းအလဲတွေ လုပ်ချင်နေတဲ့လူ။ ခနပိုးထည်တိုက်မှာက အစဉ်အလာဆိုတာက ခေါက်ရိုးကျိုးနေတာ။ ပြောင်းလဲဖို့ မလွယ်လှဘူး။

mgyoe.com

mgyoe.com
SAMPLE BOOK

သူ့အစွမ်းကလည်း အပြည့်အဝ ပြနိုင်ခွင့်ရမှာ မဟုတ်ဘူး။

မန်နေဂျာ ကျို အလုပ်ကထွက်သွားတယ်လည်း ဆိုရော၊ ရှင်ဒကျီရဲ့ ရင်ထဲ၊ အသည်းထဲမှာ ထမ်းထားရတဲ့ ဝန်ထုပ်ဝန်ပိုးတွေ အားလုံးပျောက်ကွယ်သွားကုန်တော့သလိုပဲ။ သူက ဒီဆိုင်မှာ လုပ်လာတာ ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ် ရှိနေပြီဆိုတော့လည်း သူ့အနေနဲ့ ဆိုင်ရှင်ကို ပြောနိုင်ဆိုနိုင်တာလေးတွေ ရှိတယ်။ ရှိနိုင်တယ် ဆိုပေတဲ့လည်း ဩဇာတော့ မရှိဘူး။ ဒါပေတဲ့ ဆိုင်ရှင်အပေါ် အစဉ်အလာကို ပြန်လက်ခံလာဖို့၊ ဩဇာလွှမ်းဖို့ ဘယ်လိုလုပ်ရမယ် ဆိုတာတွေကို သူ သိတယ်။ ဒီတော့ မန်နေဂျာ ချင်ကို ပြန်ခေါ်ဖို့ စပြီး စည်းရုံးတယ်။ ချင်ရဲ့ မိတ်ဆွေတွေကိုလည်း အကူအညီတောင်းတယ်။ မန်နေဂျာ ချင် လုပ်တာကိုင်တာတွေဟာ အားလုံး မှန်ပါတယ်လို့တော့ သူက မပြောဘူး။ မန်နေဂျာ နှစ်ယောက်စလုံးကို ယှဉ်ကြည့်ပြီး ကောင်းတဲ့အချက်တွေကို ယူရမယ်။ ကောင်းတဲ့အချက်တွေကို ပေါင်းစည်းပြီး သမမျှတစွာ လုပ်ကိုင်ဖို့ လိုတယ်လို့ပဲ ပြောတယ်။ အစဉ်အလာဟောင်းတွေကိုပဲ တွယ်ကပ်နေလို့ မဖြစ်သလို၊ ပြောင်းလဲတယ်လို့ ဆိုရာမှာ တစ်မဟုတ်ချင်း ပြောင်းလဲတာမျိုးလည်း မလုပ်သင့်ဘူး။ ရှေးအစဉ်အလာအရ ရှိနေခဲ့တဲ့ နာမည်တစ်လုံးကို ထိန်းသိမ်းထားရင်း ခေတ်သစ် ရောင်းဝယ်ဖောက်ကားရေး နည်းတွေကို လေ့လာရမယ်၊ အသုံးချရမယ်။ ခနပိုးထည်တိုက်ရဲ့ နာမည်ကောင်းကို ထိန်းသိမ်းထားဖို့အတွက် အလေးပေးရမှာလိုပဲ အမြတ်အစွန်း ရရှိရေးကိုလည်း တန်းတူရည်တူ အလေးပေးရလိမ့်မယ်လို့ ရှင်ဒကျီက ဆင်ခြေပေးတယ်။ ဒီအချက်ကတော့ဖြင့် ကျလောက်တဲ့ ဆင်ခြေမျိုးဆိုတာ သူ သိတယ်။

ဒါပေတဲ့လည်း သူ့ရဲ့ ရင်ထဲ၊ အသည်းထဲက မျှော်မှန်းထားတာကတော့ တစ်မျိုး။ မန်နေဂျာ ချင်သာ ပြန်လာခဲ့ရင် ခနပိုးထည်တိုက်ကနေ ပျောက်ကွယ်သွားခဲ့တာ မှန်သမျှဟာ မန်နေဂျာ ချင်နဲ့အတူ ပြန်ပါလာပြီး ခနပိုးထည်တိုက်ဟာ ရှေးကအတိုင်း မူလလက်ဟောင်း ခနပိုးထည်တိုက်ဘဝ ပြန်ရောက်လာမယ် ဆိုတာပဲ။ ဒီလိုမှ မဟုတ်ရင်တော့လည်း သူ့အဖို့ အလကားပဲလို့ မြင်တယ်။ အကုန်လုံး သူက တွက်ထားတယ်။ ခါတ်ငွေ့နဲ့ထွန်းတဲ့ မီးပုံးတွေ မလိုဘူး။ ဆိုင်ပေါက်ဝက ဗုံတီးတာတို့၊

mgyoe.com

mgyoe.com SAMPLE BOOK

ခရာမှုတ်တာတို့၊ ကြော်ငြာထောင်တာ၊ ကြော်ငြာကမ်းတာ၊ စီးကရက် ကမ်းတာ ... စတာတွေ မလိုတော့ဘူး။ ထပ်ခန့်ထားတဲ့ လူတွေလည်း ပြန်လျှော့။ ဒီလိုလုပ်လိုက်ရင် အိတ်စိုက်ကုန်နေရတဲ့ ပိုက်ဆံတွေ လျော့ လာမယ်။ ကြော်ငြာ မလုပ်တဲ့အတွက် အရောင်းမှာ လျော့မယ်။ လျော့ ပေတဲ့ ပေပြည့် ကိုက်ပြည့် ပိတ်မခိုးဘဲ မှန်မှန်ကန်ကန် ရောင်းမယ်။ ဒီလိုဆိုရင် ဝယ်သူတွေအနေနဲ့ စုံလုံးကန်းနေခါမှပဲ ခနပိုးထည်တိုက်က ပေးတဲ့ အခွင့်အရေးမျိုးကို မမြင်မှာ။

ဒီလိုနဲ့ နောက်ဆုံးတော့ မန်နေဂျာ ချင် တကယ်ပဲ ပြန်ရောက်လာ တယ်။ လမ်းပေါ်မှာတော့ အရင်က သုံးတဲ့ ဓာတ်ငွေ့မီးပဲ ကျန်ရစ်ခဲ့တယ်။ ခနပိုးထည်တိုက်လည်း ယခင်ရှေးက ရှိခဲ့တဲ့ ရိုးသားမှု ဂုဏ်သိက္ခာကို ပြန်ရလာတယ်။ တစ်ခုပဲ၊ မန်နေဂျာ ချင်ကို ကြိုဆိုတဲ့အနေနဲ့ ဆိုင်ပေါက်ဝ မှာ ပန်းဖွားအနီတွေနဲ့ မီးပုံးကြီး လေးခု ထွန်းတာ။

ခနပိုးထည်တိုက်ရှေ့မှာ မီးပုံးကြီး လေးခု ထွန်းထားတဲ့နေ့က ပိုးထည်ဘုံဆိုင်ရှေ့မှာ ကုလားအုတ်ကြီး နှစ်ကောင် တွေ့ရတယ်။ ကုလား အုတ်ကြီးတွေ ကိုယ်ကို ပိုးစ ဖဲစတွေနဲ့ ပတ်ထားတယ်။ ကုလားအုတ် ကြီးတွေရဲ့ ဘို့ပေါ်မှာတော့ လျှပ်စစ်မီးလုံးရောင်စုံ ထွန်းထားတယ်။ ကုလားအုတ်ကြီးရဲ့ ဘေးတစ်ဖက်တစ်ချက်မှာတော့ မဲဖောက်ဖို့ လက်မှတ် ရောင်းတဲ့ ဆိုင်ခုံကလေးတွေ ရှိတယ်။ လက်မှတ်တစ်စောင် ဆယ်ပြား။ ပေါက်ရင် ပိုးသားလုလုတစ်စ ရမယ်တဲ့။ အဲဒီလိုမျိုးတွေ လုပ်ထားတော့ ပိုးထည်ဘုံဆိုင်ဘက် တစ်ကြောဆီမှာ တောဘုရားပွဲကြီးတစ်ခုလိုဖြစ်ပြီး စည်ကားနေလေရဲ့။ ခုလို လူသူပရိသတ် စည်ကားနေလေတော့ ဝယ်သူ ဆိုတာ သိပ်ရှာနေစရာ မလိုတော့ဘူး။ အမှန်ပဲ။ ရယ်လို့၊ ပြုံးလို့ ပိုးသား ဖဲသားတစ်စ ကိုင်ထွက်လာတဲ့လူတွေ ပရိသတ်ထဲက မကြာခဏ ထွက် လာတာတွေ တွေ့နေရပါသကော။

ခုဆို ခနပိုးထည်တိုက်ရဲ့ ရှေ့နားက ထိုင်ခုံတန်းလျားတွေဟာ အပြာရောင်အဝတ်စနဲ့ ဖုံးအုပ်ထားတာကို တွေ့လာရပြန်တယ်။ ဆိုင်ထဲ မှာတော့ မန်နေဂျာ ချင် တစ်ယောက် မျက်လွှာအသာချလို့ ထိုင်နေလေ ရဲ့။ စာရေးတွေကတော့ သူတို့ကောင်တာနောက်မှာ ထိုင်နေကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

တချို့ကတော့လည်း ပေသီးနဲ့ ငြိမ်ငြိမ်ဆိမ်ဆိမ် ဆော့ကစားနေကြတယ်။ တချို့ကတော့လည်း ကျေနပ်ဝမ်းသာစွာနဲ့ သမ်းဝေနေကြတယ်။ ရှင်ဒကျီ ကတော့ ဘာမှ မပြောပေတဲ့လည်း စိတ်ထဲမှာတော့ ပူပင်သောက ပွားနေ တယ်။ ဆိုင်ထဲကို ဈေးဝယ်ရအောင် ဝင်လာတဲ့လူ တစ်ယောက်နဲ့ တစ် ယောက် အကြားမှာ နှစ်ချင့်အောင် ကြာနေသလိုပဲ။ ဆိုင်အပြင်ကနေ အတွင်းထဲကို လှမ်းကြည့်ပြီး ဝင်လာတော့မယ်လိုပဲ။ နောက်တော့ ဆိုင် ရှေ့က ရွှေရောင်ခံဆိုင်းဘုတ်ကို ကြည့်ပြီး ပိုးထည်ဘုံဘက်ကို ထွက်သွား ကြပါလေရော။ တစ်ခါတလေတော့ ပစ္စည်းတစ်ခုခု ဝင်ကြည့်တဲ့လူတွေ ရှိပေတဲ့ ဈေးဆစ်လို့မရဘူးဆိုတာ သိသွားတာနဲ့ အသာ ပြန်ထွက်သွား တတ်ကြတယ်။ အရင်ကတည်းက ရှိခဲ့တဲ့ မိတ်တချို့ကတော့ ဆိုင်ကို ဝင်လာတတ်ပါတယ်။ ဝင်လာပြီး ဟိုဟာကလေး၊ ဒီဟာကလေး ဝယ် တတ်ကြပေတဲ့ များသောအားဖြင့်တော့ မန်နေဂျာ ချင်နဲ့ အာလာပ သလ္လာပ ဝင်ပြောတယ်ဆိုတဲ့ သဘောလောက်ပဲ။ ကျပ်တည်းတဲ့ ခေတ် ကာလကြီးအကြောင်း ပြောရင်း သက်ပြင်းချ၊ လက်ဖက်ရည်သောက်ပြီး ဘာမှ မဝယ်ကြပဲ ခြေလွတ်လက်လွတ် ပြန်ထွက်သွားကြတော့တယ်။ ရှင်ဒကျီအနေနဲ့တော့ ခုလို သူတို့တစ်တွေ ပြောဆိုနေကြတာတွေကို နား ထောင်နေရတဲ့အတွက် သဘောကျမိတယ်။ အတိတ်တုန်းက၊ အခါကောင်း ခဲ့စဉ်တုန်းက ဆိုတာတွေကို သတိပြန်ရလာမိတယ်။ ဒါပေတဲ့ အတိတ် ဆိုတာကလည်း လွယ်လွယ်နဲ့ ပြန်ပြီး ရှာဖွေလို့ရတာမျိုး မဟုတ်ဘူး ဆိုတာကိုတော့ သူ သိတယ်။ ခုဆို တစ်လမ်းလုံးမှာ ပိုးထည်ဘုံ တစ်ဆိုင် တည်း အလုပ်ဖြစ်နေတာ။

နှစ်ကုန်ပိုင်းရောက်တော့ ခနပိုးထည်တိုက်မှာ အလုပ်သမား လျှော့ ရမယ့်အခြေအနေ ရောက်လာပြန်တယ်။ မန်နေဂျာ ချင်ကို ရှင်ဒကျီက မျက်ရည်တစမ်းစမ်းနဲ့ ပြောရှာတယ်။ 'စာရေး ငါးယောက်စာ ကျွန်တော် တစ်ယောက်တည်း လုပ်နိုင်ပါသော်ကော။ ဘာမှ စိတ်ပူနေစရာ မရှိဘူး' တဲ့။ မန်နေဂျာ ချင်လည်း အားတက်သွားသမို့ ကြားဖြတ်ပြီး ထောက်ခံ လိုက်တယ်။ 'ငါတို့မှာ ဘာပူစရာ ရှိတာမှတ်လို့'တဲ့။ အဲဒီညကတော့ ရှင်ဒကျီ တစ်ယောက် ကောင်းကောင်းကြီး အိပ်ပျော်သွားတယ်။ နောက်

mgyoe.com

mgyoe.com SAMPLE BOOK

တစ်နေ့တော့ဖြင့် စာရေး ငါးယောက်စာ လုပ်ဖို့ ပြင်ဆင်ထားလိုက်မိတယ်။

ဒါပေတဲ့လည်း နောက်နှစ်မှာတော့ ခနပိုးထည်တိုက်ခမျာ ကောင်းကင်ဘုံကြီးက ဝယ်ယူသိမ်းပိုက်လိုက်တာ ခံလိုက်ရတော့တယ်။[၄]

■

၁။ ရှေးစနစ်အရ ဆိုင်တစ်ဆိုင်၏ အုပ်ချုပ်မှုအပိုင်းကို လေ့လာသင်ယူနေသူများ ဖြစ်သည်။ သာမန်စာရေးများထက် အဆင့်မြင့်သည်။

၂။ ဂျပန်တပ်များ ဝင်လာသော စစ်ကာလကို ဆိုလိုသည်။

၃။ ထိုစဉ်က တရုတ်တို့၏ အစဉ်အလာအရ တစ်နှစ်လျှင် သုံးကြိမ် စာရင်းစစ်ကြည့်လေ့ ရှိသည်။ နဂါးလှေပြိုင်ပွဲအချိန်၊ ဆောင်းလယ်ကာလ ပွဲတော်အချိန်နှင့် နှစ်သစ်ကူးတွင် ဖြစ်သည်။

၄။ ဆိုင်ပိတ်လိုက်ရခြင်း၊ ဆိုင်ပြုတ်သွားခြင်းကို ဆိုလိုခြင်း ဖြစ်သည်။ ဆရာကြီးလောဝ်ရှယ်၏ သရော်သံဟု ဆိုပါရစေ။

mgyoe.com

mgyoe.com SAMPLE BOOK

# ဘယ်ခရီးမှ သိပ်မဝေးဘူး၊ ဘယ်စွန့်လွှတ်မှုမျိုးမှ သိပ်မကြီးမားဘူး*

[ဒီဝတ္ထုရဲ့ ခေါင်းစဉ်ဖြစ်တဲ့ 'ဘယ်ခရီးမှ သိပ်မဝေးဘူး၊ ဘယ်စွန့်လွှတ်မှုမျိုးမှ သိပ်မကြီးမားဘူး' ဆိုတာက တရုတ်ဒဿနိကဗေဒပညာရှင်ကြီး မင်းစီးယပ်/ဆရာကြီးမာန်း (ဘီစီ ၃၇၂–၂၈၉) ရဲ့ အဆုံးအမတွေကို မှတ်တမ်းတင်ထားတဲ့ ကွန်ဖြူးရှပ်(စ်) ရဲ့ အရေးအသားထဲမှာ ပါတဲ့ အချက်တစ်ခုကို လောဝ်ရှယ်က ယူထားတာပဲ။ မင်းစီးယပ်က တရုတ်ဧကရာဇ် 'ဟွီ' နဲ့ လာတွေ့တဲ့အခါ တရုတ်ဧကရာဇ်မင်းမြတ်က 'ခင်ဗျားအနေနဲ့ ခုလို မိုင်ပေါင်းသောင်းချီလာရတာ ဖြစ်ပေတဲ့ မဝေးလှပါဘူး' လို့ ပြောပြီးတော့ 'ခင်ဗျားပြောမယ့် အကြောင်းထဲမှာ နိုင်ငံတော်အတွက် အကျိုးရှိတာတွေ ပါမယ်လို့ ကျုပ်ကတော့ ယူဆတယ်' လို့ မိန့်ကြားခဲ့တယ်။ အဲဒီအချက်ကို ယူလို့ လောဝ်ရှယ်က သူ့ဇာတ်ကောင် 'ဝါန်' ကို မွေးထုတ်ပြလိုက်တာပဲ။

* No Distance Too Far, No Sacrifice Too Great

mgyoe.com

mgyoe.com SAMPLE BOOK

ဝါန်ကတော့ မင်းစီးယပ်လို မဟုတ်ဘူး။ ဆန့်ကျင်ဘက်။
သူ့ကိစ္စက လွဲလို့ ဘာမှ သိပ်အရေးကြီးတယ်လို့ မထင်ဘူး။
ဖတ်တဲ့သူတွေ သတိထားမိကြပါလိမ့်မယ်]

ဂျပန်တပ်တွေလက်ထဲ ရှန်ဟိုင်းကွာန်[၁] ကျသွားပြီဆိုတဲ့ သတင်းလည်း ကြားကရော မိန်းမယူဖို့တော့ အချိန်တန်ပြီလို့ 'ဝါန်'က ဆုံးဖြတ်ချက် ချလိုက်မိတယ်။ ဒါပေတဲ့ ဘယ်မှာသွားပြီး မင်္ဂလာပွဲကို လုပ်ရမှာတဲ့တုံး။ တန်ကျင်း[၂]မှာရော၊ ပေပင်းမှာရော မဖြစ်နိုင်ဘူး။ ဂျပန်တပ်တွေ အဲဒီကို ရောက်လာနိုင်သမို့ အတိတ်ကောင်း နိမိတ်ကောင်း ယူလို့ရမယ့် အရပ်မျိုးတွေ မဟုတ်ဘူး။ ဟောင်ကောင်မှာလည်း မဖြစ်နိုင်ဘူး။ ဝေးလွန်းလှတယ်။ ဒီပြင် ပြဿနာက သူနဲ့ယူမယ့် အမျိုးသမီး ဆိုတာက ရှာမရသေးဘူး။ ဒီတော့ ဒီကိစ္စကို အရင် ရှင်းရလိမ့်မယ်။

ဘယ်မှာသွားရှာမယ် ဆိုတာကလည်း ထည့်တော့ စဉ်းစားရလိမ့်မယ်။ စစ်ဘေးစစ်ဒဏ်သင့်နေတဲ့ အရပ်တစ်ခုခုဆီမှာ သွားပြီး မိန်းမရှာရမလား။ ဘယ်ဖြစ်နိုင်မှာတုံး။ မိန်းမယူတယ် ဆိုတာကလည်း လက်ဖျောက်ကလေး အသာတီးပြီး 'ဟိုတစ်ယောက် ငါယူမယ်'လို့ လုပ်လို့ဖြစ်တာမျိုး မဟုတ်ဘူး။ ဒီတော့ သူ့အနေနဲ့ စစ်တိုက်မနေကြဘဲ အေးချမ်းသာယာနေတဲ့ နေရာ၊ စိုစိုပြည်ပြည် ရှိနေတဲ့ နေရာမျိုးကိုပဲ သွားသင့်တယ်။ ဒီလို စဉ်းစားမိလိုက်တော့ ပေပင်း[၃]ကနေ သူ ထွက်သွားမယ်ဆိုပြီး စဉ်းစားတဲ့ကိစ္စဟာ တကယ်တော့ ဒီမိစ္ဆာကောင် ဂျပန်တွေကို ကြောက်လို့၊ မကြောက်လို့ဆိုတဲ့ ကိစ္စနဲ့ မဆိုင်ဘူးလို ဖြစ်သွားတယ်။ ဒီလို တွေးမိတော့ သူ့ဘာသာ တွေးပြီး ကျေနပ်သွားလိုက်မိတယ်။

နောက် ပြဿနာက မီးရထားလက်မှတ် မရတာပဲ။ အရှေ့ဘက် ဘူတာရုံနဲ့ အနောက်ဘက် ဘူတာရုံက စာရေးတွေရဲ့ အချိုးသာ ကြည့်ပေတော့။ သင်းတို့ရဲ့ ကမ္ဘာကလေးကို ထာဝရဘုရားသခင်က တစ်စစီများ ဖန်ဆင်းတည်ဆောက်ပေးထားသလိုပဲ။ ဘူတာရုံက ရထားပလက်ဖောင်းတွေနဲ့ မီးရထားဆိုတာ သူတို့ဘဝ၊ သူတို့ကမ္ဘာပဲ။ ဒီပြင် ဘာမှ မရှိသလိုပဲ။ ခက်နေတာက ဝါန် ကိုယ်တိုင်က ဘယ်သွားမယ်ရယ်လို့

mgyoe.com

mgyoe.com SAMPLE BOOK

ရေရေရာရာ မသိထားတော့ အရှေ့ဘက်ဘူတာကပဲ ရထားစီးရမလား၊ အနောက်ဘက် ဘူတာကပဲ ရထားစီးရမလားဆိုတာ မသိနိုင်ဘူး ဖြစ်နေတယ်။ ဘယ်ကစီးစီး အရေးကြီးတာကတော့ ပေပင်းက ထွက်ဖို့ဟာက အဓိက။

ပြောရစေတော့ရဲ့။ ဒီ ဂျပန်ကောင်တွေကို ဝါန်က မကြောက်ပါဘူး။ တော်တော့်ကို သောက်သုံးမကျတဲ့ ကောင်မျိုးမှသာ သင်းတို့ကို ကြောက်မှာ။ မိန်းမယူတော့မယ်ရယ်လို့ လုပ်နေတဲ့ သူ့အဖို့ကတော့ ကံမကောင်း အကြောင်းမလှလွန်းမှပဲ သင်းတို့လက်ထဲ ရောက်မှာပါ။ သူ့အနေနဲ့ကတော့ ပေပင်းက ထွက်ကို ထွက်ရလိမ့်မယ်။ အရှေ့ဘူတာကဖြစ်ဖြစ်၊ အနောက်ဘူတာကဖြစ်ဖြစ်၊ မီးရထားလက်မှတ် ရရ၊ မရရ။ သူ့အနေနဲ့ တကယ်လုပ်မှာကတော့ **ပေပင်းကနေ ထွက် ...**။

ဒီလို ဘာလုပ်ရမယ်မှန်း မသိဘူး ဖြစ်နေတုန်း ဝါန်က စိတ်ကူးတစ်ခု ရပြန်တယ်။ ရထားပေါ် ကုန်ပစ္စည်းတင်တဲ့အခန်း သွားပြီး သူ့ကိုယ်သူ တံဆိပ်တစ်ခုကပ်၊ ကုန်ပစ္စည်းတင်လိုက်သလို တင်လိုက်ရင် မကောင်းဘူးလားလို့ တွေးမိတယ်။ ဒီလို တင်လိုက်နိုင်ရင် ရထားလက်မှတ် မလိုတော့ဘူး။ ခက်နေတာက အဲဒီရုံးခန်းက ကမြင်းမသားတွေက ခြေထောက်နှစ်ချောင်းနဲ့ လျှောက်နိုင်တာကို ကုန်ပစ္စည်းအဖြစ်နဲ့ လက်မခံဘူးတဲ့။ ဒီတော့လည်း ဝါန်အဖို့ ဒီကောင်တွေကို ခေါင်းထဲမှာ ဈေးပဲရှိတဲ့ အကောင်တွေလို့ ရှုတ်ဖတ်သရဲချာယ်ရင်း ကျေနပ်လိုက်ရတော့တာပဲ။

ဒါပေတဲ့ ပြဿနာရှိရင် အဖြေရှိတာပဲ။ ဝါန်ကလည်း တုံးမှ မဟုတ်ပဲ။ ဒီတော့ ပေပင်းမြို့ရဲ့ မြို့တံခါးတစ်ခုဖြစ်တဲ့ ကျိုင်ယန်းတံခါးနားကနေ နောက်မြို့တံခါးတစ်ခုဖြစ်တဲ့ ရှီကျီတံခါးအထိ လှည်းကြုံစီးလိုက်သွားတယ်။ အဲဒီရောက်တော့ ပေပင်းကနေ စုအီယွန်⁶ကို သွားမယ့် ရထား ရှိတယ်လို့ သိလိုက်ရတယ်။ ဒီတော့လည်း ဝါန်က တယ်တော်တဲ့ ငါပါကလားလို့ ကိုယ့်ကိုယ်ကိုယ် ချီးကျူးလိုက်ရင်း အခြေအနေကို အသုံးချလိုက်မိပြန်တယ်။ ဟုတ်သပေါ့။ သူသာ အခြေအနေကို အသုံးမချတတ်လို့ လှည်းကြုံစီးမလာခဲ့ရင် ခုလို ဒီဆိမှာ ရထား အသေအချာ

mgyoe.com

mgyoe.com SAMPLE BOOK

ရှိနေတယ်ဆိုတာကို ဘယ်လိုလုပ် သိမှာလဲ။ ဒီလို မသိရင် သူ့အဖို့ ကြုံရာ ရထား လျှောက်စီးနေရမှာ။ ထားတော့။ ဘယ်လိုပဲဖြစ်ဖြစ် ဝါန်က ပေပင်းက စုအီယွန်ကိုသွားတဲ့ ခရီးလမ်းကဖြင့် လာဘ်မကောင်းတဲ့ ခရီး တစ်ခုပဲရယ်လို့တော့ မတွေးတော့ဘူး။ ခရီးက မြောက်ဘက်ကို သွားမှာ။ အဲဒီမှာက ဂျပန်တပ်တွေ ရှိနေတယ်။ ဒီတော့ ဝါန်တစ်ယောက် စိတ်ခတ်များ ကျမိလေမလား။

ဝါန်တစ်ယောက် ဘယ်ဆီကို သွားရမလဲ။ ဘယ်ကို သွားရမှာလဲ ဆိုတာက ပြဿနာမဟုတ်ပါဘူး။ သွားဖို့ကသာ ပြဿနာ။ သွားဖို့ ဘယ်ကနေ ရထားစီးရမှာလဲ။ အရှေ့ဘက်ဘူတာကဖြစ်ဖြစ်၊ အနောက် ဘက်ဘူတာကဖြစ်ဖြစ် စီးရမှာပဲ။ ဘယ်ဘက်ကိုသွားသွား အရေးမကြီး ဘူး။ ဒါပေတဲ့ ဘယ်ကိုမှ ရထားမသွားဘူးဆိုရင် ဘယ်လို လုပ်ရမှာတုံး။ အင်း ... ဒီတော့လည်း ဘာမှ မတတ်နိုင်ဘူး။ ကိစ္စပြီးပြီလို့ ပြောရတော့ မယ်။ ဒါပေတဲ့ ရထားတစ်စင်း ထွက်ဖြစ်တယ် ဆိုပါစို့။ ဝါန်တစ်ယောက် ရထားပေါ်ပါသွားအောင် မကြိုးစားဘူးရယ်လို့ မပြောနိုင်ဘူး။ ကြည့်၊ ဝါန်က စားစရာ တိုလီမိုလီ ဝယ်ထားတယ်။ အသီးအနှံ ဝယ်ထားလိုက် တယ်။ ဒို့ပြင် ဘရန်ဒီတစ်လုံးတောင် ပါသေးတယ်။ ပြီးတော့မှ ရိက္ခာ အစုံအလင်နဲ့ ဘူတာရုံကိုသွားပြီး ဘယ်လောက်ပဲ စောင့်ရစောင့်ရ၊ စောင့် တော့မယ်လို့ သန္နိဋ္ဌာန်ချလိုက်တော့တယ်။ 'ကောင်းပြီဟေ့၊ မိတ်ဆွေ တို့၊ ဝါန်ကြီးတစ်ယောက်တော့ လာပြီကွယ့်။ မင်းတို့အထဲ တစ်ကောင် ကောင်ကို စီးရအောင် လာပြီ။ စီးရမယ် ဆိုလို့ကတော့ မီးခိုးနံ့ တညှော် ညှော်နဲ့ ဆိုတောင် စီးတော့မှာ'

အရှေ့ဘက်ဘူတာရုံကို သူ ပြန်လာလိုက်တယ်။ အရှေ့ဘက်က အနောက်ဘက်ထက် အတော်ကလေး ကြည့်ပျော်ရှုပျော် ရှိတယ်။ ဟုတ် သပေါ့၊ သတို့သမီး အရှာထွက်မယ့်လူ ဆိုတော့လည်း မျက်စိပသာဒ အလှကို ခံစားတတ်ရမှာကိုး။ ဒီလိုနဲ့ ဝါန်တစ်ယောက် ယောင်ပေပေနဲ့ နေလိုက်တာ ငါးနာရီလောက် ကြာသွားတယ်။ ဘူတာရုံအဝနားဆီမှာ ယောင်လည်လည်ပဲ။ ဒီကိစ္စကတော့ သူလည်း ဘာမှ မတတ်နိုင်ဘူး။ နည်းနည်းတော့ စိတ်ထဲမှာ ပူလာမိတယ်။ ဒါပေတဲ့လည်း သူ့အတွေးက

mgyoe.com

mgyoe.com SAMPLE BOOK

ရှင်းရှင်းရယ်။ ‘ဖွဲ ရှိရှိနဲ့ စောင့်နေလို့ကတော့ တစ်ခုခု ဖြစ်လာမှာပဲ။ မတော် ဂျပန်တပ်တွေကများ တိုက်လာခဲ့ရင် ဘူတာရုံမှာ ရောက်နေတာက တခြားမှာ ရောက်နေတာထက် ကောင်းတယ်။ ဘူတာရုံအဝမှာရှိတဲ့ လူတွေက ထွက်ပြေးဖို့ ပိုလွယ်တယ်။ တစ်ခု တွေးကြည့်စမ်း။ မတော် ဂျပန်တပ်တွေက ပစ်ကြပြီ ဆိုပါတော့။ မီးရထားမောင်းသမားက မီးရထားကို မီးထိုးပြီး မောင်းပြေးမှာ မဟုတ်လား။ အဲဒီတော့ ဝါန်ကြီးအဖို့ အသာခုန်တက်ပြီး လိုက်သွားရုံပဲ။ ဒီအခြေအနေမှာဆို မီးရထားလက်မှတ်တောင် ဝယ်စရာ မလိုဘူး။ တန်ကျင်ဆီကို သွားကရောပဲ။ ရထားက အင်္ဂလိပ်တွေ နေတဲ့အပိုင်းက ဟိုတယ်ရှေ့မှာ ရပ်မှာ။ ဒီတော့ ဝါန်ကြီး တစ်ယောက် ရထားပေါ်က အသာခုန်ဆင်း၊ ဟိုတယ်ထဲ ဝင်၊ ကော်ဖီ တစ်ခွက် သောက်၊ ခြေလက်ကလေး သန့်စင်၊ ရထားပေါ် ပြန်တက်၊ ခရီးဆက်။ နန်ကင်းအထိ။ ဒါမှမဟုတ်လည်း ရှန်ဟိုင်းအထိ ခရီးဆက်တော့မှာ။ မိုးစုပ်စုပ်မချုပ်ခင် ကျုပ်တော့ အခန်းကောင်းကောင်းကလေး တစ်ခုထဲမှာ ...’ အဲဒီနားလောက်အထိ အတွေးလည်း ပေါက်ကရော ဝါန် တစ်ယောက် ငါ့နယ် ကံကောင်းလှချည်ရဲ့လို့ တွေးမိပြီး ပျော်သွားရှာတယ်။ အသံထွက်ပြီး အော်ပရာထဲက သီချင်းကလေးတောင် ဆိုလိုက်မိတယ်။

နောက်ထပ် သုံးနာရီလောက် ကြာသွားပြန်တယ်။ အော်ပရာထဲက သီချင်းတွေထဲက သူ ရတဲ့ အဆုံးပိုဒ်ကလေးတွေ ဆိုနေတာလည်း အတော်ကြာသွားပြီ။ ဒါပေတဲ့ လူအုပ်ကို တိုးဝှေ့ပြီး ရထားဘူတာက ပလက်ဖောင်းဆီရောက်နိုင်ဖို့ လမ်းစ မတွေ့သေးဘူး။ မျှော်လင့်ချက် မရှိလှဘူး။ လူတွေကတော့ ထပ်ပြီး ရောက်လို့လာနေကြတယ်။ လူတွေ ဘယ်လောက်များ ကျပ်လာသလဲဆိုရင် သူ ဝယ်ထားတဲ့ ပန်းသီးတွေ အထဲ တစ်လုံးဟာ လူတွေ တိုးတာဖိတာ ခံရလွန်းလို့ အရည်တောင် ထွက်နေတယ်။ ဒါပေတဲ့ ဝါန်ကတော့ လူတွေ များလာလေလေ၊ နေလို့ ထိုင်လို့ ကောင်းလာလေပဲလို့ ပြောရမယ်။ အကြောင်းကတော့ ပထမ အချက်အနေနဲ့ လူတွေ များလာတော့ ကြောက်စရာ နည်းလာတယ်။ ဆိုကြပါစို့၊ ညဘက်ရောက်လာလို့ မှောင်လာတယ်ဆိုရင် မှောင်ချင်

mgyoe.com

mgyoe.com SAMPLE BOOK

သလောက် မှောင်ပေ့စေ။ တစ္ဆေကို ကြောက်နေစရာ မလိုတော့ဘူး။ ဒုတိယအချက်အနေနဲ့ကတော့ ဂျပန်တွေ ဗုံးလာကြဲပြီပဲ ထား။ သေစရာ ရှိရင် သူတစ်ယောက်တည်း သေမှာ မဟုတ်တော့ဘူး။ အုံနဲ့ကျင်းနဲ့ သေကြရတော့မှာကိုး။ ဒီတော့ ဒီကမ္ဘာကြီးက ထွက်သွားရတဲ့အခါ အဖော်မပါ တစ်ကိုယ်တည်း ထွက်သွားရတာမျိုး မဟုတ်တော့ဘူး။ တတိယအချက်အနေနဲ့ကတော့ သူ့နောက်မှာ လူတွေ ထပ်ရောက်လာလေလေ သူ့အနေနဲ့ ရထားပေါ်မရောက်မှာ သိပ်မပူရတော့ဘူး။ စဉ်းစားကြည့်လေ၊ သူကသာ ရထားပေါ်မရောက်မှာ ပူနေရင် သူ့နောက်က လူတွေ ဘယ်လောက် ပူကြလိမ့်မလဲ။ ဒီတော့ ဝါန်အနေနဲ့ သူ့နောက်က လူတွေကို မြင်ရလေလေ၊ အပူလျော့လာလေလေပဲပေါ့။

တစ်နည်းပြောရမယ် ဆိုရင်တော့လည်း ဝါန်အနေနဲ့ ခုလို ရထားတဲ့ အခြေအနေကလေးလည်း လျော့ပါးမသွားစေချင်ဘူး။ ဒီတော့ သူရောက်နေတဲ့ နေရာကို နောက်ကလူတွေ ကျော်တက်မခံဘူး။ ကျော်တက်တာများ ရှိလို့ကတော့ သိပ်ပြီး ယဉ်ကျေးမနေနိုင်တော့ဘူး။ သူ ရပ်နေတဲ့နေရာကို တိုးဝှေ့ပြီး ကျော်တက်မယ်များလုပ်ရင် ဝါန်က သူ့တံတောင်ဆစ်နဲ့ တွက်တော့တာပဲ။ သူ့တံတောင်လည်း နားရတယ်တောင် မရှိဘူး။ ကျော်တက်ဖို့ တိုးဝှေ့လာတဲ့သူတိုင်း သူ့တံတောင်ရဲ့ အရသာကလေး မြည်းလိုက်ကြရတော့တယ်။ တိုးဝှေ့လာတဲ့ ကောင်တွေရဲ့ နံကြားကို တံတောင်နဲ့တွက်ရတာ အကောင်းဆုံးပဲလို့ ဝါန်က မြင်တယ်။ ဗိုက်ကို ခပ်ပြင်းပြင်း တွယ်လို့တော့ မကောင်းဘူး။ မတော် သွေးတွေ ဘာတွေ အန်ထွက်လာရင် ကိုယ့်ကိုတောင် ပေနိုင်တယ်။ ဝါန်ကြီးအနေနဲ့ အဲဒီလို ပိုးစိုးပက်စက်ဖြစ်အောင်တော့ လုပ်မယ်ရယ်လို့ စိတ်ထဲမှာ မထားဘူး။ ဒီ့ပြင် ခုလို တစ်နိုင်ငံလုံး အကျပ်အတည်းတွေ့နေတဲ့ ကာလကြီးမှာ ကိုယ့်လိုပဲ ဒုက္ခရောက်နေတဲ့ လူအချင်းချင်း အဲဒီလောက်အထိတော့ မလုပ်သင့်ဘူးလို့ သူက မြင်သေးတာ။ ဒီတော့လည်း နံကြားထဲကို တံတောင်နဲ့ တွက်တာလောက်ပဲ ကောင်းတယ်လို့ သူက လက်ခံထားလိုက်တော့တယ်။ ဒါကြောင့် ဝါန်အနေနဲ့ သူ့တံတောင်နှစ်ဖက်ကို လိုအပ်တဲ့အခါ၊ လိုအပ်တဲ့ အတိုင်းအတာလောက်အထိပဲ သုံးတယ်လို့ပဲ ဆိုရ

mgyoe.com

mgyoe.com SAMPLE BOOK

တော့မယ်။

မယုံနိုင်အောင် အံ့စရာပဲ။ ဘူတာထဲကနေ ရထားတစ်စင်း ထွက်သွားတယ်။ ဝါန်က အတော်ကလေး စိတ်ဓာတ်တက်သွားတယ်။ ခုလို ဘူတာထဲက ရထားတစ်စင်း ထွက်သွားတယ်ဆိုရင်ပဲ နောက်ထပ် ထပ်ပြီး ထွက်မယ့် ရထားပေါ်မှာ သူ ပါနိုင်တယ်လို့ တွေးမိတာကိုး။ နောက်ထွက်မယ့် ရထားမှာ မပါနိုင်တောင် နောက်ထွက်မယ့် ရထား၊ နောက်ထပ်ထွက်မယ့် ရထားမှာ ပါနိုင်လောက်တယ်လို့ တွေးမိတယ်။ ဒီတော့လည်း ဝါန်တစ်ယောက် စိတ်ရှည်ရှည်နဲ့ စောင့်ဖို့ပဲ ရှိတော့တယ်။ ဒီတော့ဘူတာရုံမှာပဲ နှစ်ည၊ သုံးညလောက် အိပ်ရလိမ့်မယ်ဆို ဘယ်လိုလုပ်မတုံး။ ဝါန်အဖို့တော့ ဒါ ပြဿနာမဟုတ်ပါဘူး။

အဲဒီတုန်းမှာပဲ ဝါန့်အနားမှာရပ်နေတဲ့ လူတစ်ယောက်က အားရပါးရ အာခေါင်ကိုခြစ်ပြီး သလိပ်ဟပ်လိုက်တယ်။ ပြီးတော့ ပက်ခနဲထွေးလိုက်တာ ဝါန်ရဲ့ဖိနပ်ပေါ်မှာ ကျသွားတယ်။ ဝါန် စိတ်ထဲမှာတော့ စော်ကားတယ်ရယ်လို့ မမှတ်လိုက်ဘူး။ စော်ကားတယ်လို့ မှတ်ပြီး တုံ့ပြန်ဖို့ဆိုတာက ပတ်ပတ်လည်မှာ လူတွေက အပြည့်ကိုး။ မတော်သူက သယ်ချင်လို့ လှုပ်မယ်ဆိုရင်တောင် လူတွေက ပြည့်ကျပ်နေလို့ လှုပ်ရှားဖို့ မလွယ်ဘူး။ ဒီတော့ ဝါန်ကလည်း အားရပါးရ သလိပ်ဟပ်လိုက်ပြီး အဲဒီလူရဲ့ဖိနပ်ဆီ ချိန်ပြီး ထွေးလိုက်ရင်းနဲ့ပဲ တုံ့ပြန်လိုက်ရတော့တယ်။

အခုဆို အတော့်ကို မှောင်လာပြီ။ ဒီညအဖို့တော့ နောက်ထပ် ရထားထွက်တော့မှာ မဟုတ်ဘူးလို့ လူတွေက ပြောလာကြတယ်။ ဒီမှာ ကျွန်တော်တို့ရဲ့ဇာတ်လိုက်ကြီး ဝါန်က တွေးလိုက်မိတာကတော့ နေ့ဘက်ပိုင်းကျမှ ထွက်မယ့် ရထားကို ဆက်စောင့်မနေဘူးဆိုရင်တော့ ခုထိ သူသည်းခံပြီး စောင့်လာတာတွေ အလကားဖြစ်သွားတော့မှာပဲ။ မနက်ကျမှ ဘူတာကို ပြန်လာရင် အခု သူ ရောက်နေတဲ့ နေရာလည်း ရမှာ မဟုတ်တော့ဘူး။ ဒီတော့ ဒီမှာပဲ ဆက်နေတာ ကောင်းမယ်။ ဒီမှာ နေလိုက်ရင် တည်းခိုခန်းသွားအိပ်တဲ့ စရိတ်တောင် သက်သာဦးမယ်။ ဒို့ပြင် မိန်းမသားတွေကတောင် ပြန်မပြေးကြလေတော့ သူသာ ပြန်ရင် ဝိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

ဟားကြတော့မှာ။ ဝါန်အဖို့ သတ္တိရှိရှိနဲ့ ဒီမှာပဲ ဆက်နေရတော့မှာပဲ။ သူ့ကိုယ်သူ ရဲဆေးတင် အားပေးတဲ့အနေနဲ့ စစ်အတွင်းကာလမှာ ကြွေးကြော်ကြတဲ့ ဆောင်ပုဒ် တစ်ခု နှစ်ခုကို အသာ ရေရွတ်လိုက်မိတယ်။ 'ဘယ်လို ကိုယ်ကျိုး စွန့်လွှတ်မှုမျိုးအတွက်ကို မဆို ပြင်ဆင်ထားကြ၊ ဘယ်လိုပဲဖြစ်ဖြစ် အစွမ်းကုန် တိုက်ကြ'။

တစ်ညလုံးလိုလို ဝါန်တစ်ယောက် လှုပ်တာရှားတာ သိပ်မတွေ့ကြရဘူး။ အေးသမှလည်း သေလုမြောပါးပဲ။ ဒီတော့ စစ်အတွင်းကာလရဲ့ ဒုက္ခကို သူ့အနေနဲ့ အထိုက်အလျောက် တာဝန်ယူလိုက်ရတယ်လို့ပဲ ပြောရတော့မယ်။ ဒါပေတဲ့ သူ့အတွက်ပဲဖြစ်ဖြစ်၊ တရုတ်တစ်နိုင်ငံလုံးအနေနဲ့ပဲဖြစ်ဖြစ် ဒီဒုက္ခဟာ ဘယ်မှာ ကြီးတယ်လို့ ခေါ်နိုင်မှာလဲ။ လူ့အဖွဲ့အစည်းထဲမှာ အတော်အတန် သြဇာတိက္ကမ ရှိသူတွေဆိုရင် ဒီဒုက္ခမျိုးနဲ့ ဘယ်မှာ တိုးကြရမှာတုံး။ အင်း ... ဒါပေတဲ့လည်း လူ့ကံ ဆိုတာဟာ ဘယ်လိုလုပ်ပြီး တူကြမှာတုံး။ ဆိုကြပါစို့၊ လန်ချားစီးမယ့်သူ ရှိမယ်ဆိုရင်တော့ ဆွဲမယ့်သူက ရှိရတော့မှာပဲ။ ဟုတ်တယ် မဟုတ်လား။ ဒီတော့ လန်ချားကို ဆွဲတဲ့သူတွေသာ ရှိနေပြီး စီးမယ့်သူ မရှိတော့ရင် ဆွဲတဲ့လူက ဘယ်သူ့ကို တင်ဆွဲရတော့မှာလဲ။ ဒီလို တွေးလိုက်မိတော့ တယ်တော်တဲ့ အတွေးအခေါ်ပါလားရယ်လို့ တွေးမိလိုက်လို့ ဝါန်က သူ့ကိုယ်သူတောင် ချီးကျူးလိုက်မိတယ်။

ဂျပန်စစ်တပ်တွေ ဝင်သိမ်းလိုက်တယ်ဆိုတဲ့ နေရာတိုင်းမှာ လူ့အဖွဲ့အစည်းထဲက ပေါက်ပေါက်ရောက်ရောက်ရှိတဲ့ သူတွေဟာ တပ်တွေ မရောက်ခင်ကတည်းက ဒရောသောပါး ပြေးကြကရော။ အဲဒီနောက် ပိုက်ဆံရှိတဲ့ လူတွေက ကပ်လိုက်ကြတော့တာပဲ။ ပေါက်ပေါက်ရောက်ရောက်လည်း မရှိဘူး၊ ပိုက်ဆံလည်း မရှိဘူးဆိုတဲ့ လူတွေကတော့ သေဖို့ ထိုင်စောင့်နေကြရုံပဲ။ ဝါန်ကြီးအနေနဲ့ကတော့ သေဖို့ ထိုင်စောင့်နေကြရတဲ့ အဖွဲ့ထဲမှာ မပါလို့ ကံကောင်းတယ်ပဲ ခေါ်ရလိမ့်မယ်။ ဒါကိုများ သူက မကျေမနပ်ဖြစ်နေခဲ့ရင်တော့ သူ ကံကောင်းနေခဲ့တာကို စော်ကားသလိုပဲ နေမှာ။ ဒီတော့ ခုလို နည်းနည်းပါးပါး ဒုက္ခခံရတာကို ဘယ်မှာ ညည်းညူနေလို့ ဖြစ်မှာတုံး။ ဒီတော့လည်း သူက တွေးမိပြန်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ရထားမှာတောင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းရယ်လို့ အတန်းအစား ခွဲသေးရင် လူတွေကို ဘာလို့ မခွဲရမှာတုံး။ ဂျပန်စစ်သားတွေ ရောက်လာပြီး သူတို့ကို ချွေးတပ်မဆွဲရင် ပြီးတာပဲလို့ ဝါန်က တွေးမိပြန်တယ်။ ချွေးတပ် အဆွဲခံရလို့ကတော့ ရထားတွေကို ဆွဲရတဲ့အထဲမှာ ရောက်ပြီး ဇာတ်သိမ်းဖို့ပဲ ရှိတော့တယ်။ ဒီလိုတော့ ဝါန်တစ်ယောက် တတ်နိုင်လိမ့်မယ် မဟုတ်ဘူး။ ဝါန်ခမျာ အဲဒီည တစ်ညလုံး ပါးစပ်က တစ်ခွန်းမှ မပြောပေတဲ့ ဦးနှောက်ထဲမှာတော့ တစ်ခါကမှ အဲဒီလောက် အလုပ်မရှုပ်ခဲ့ဖူးဘူး။ ဘရန်ဒီပုလင်းကလေးရဲ့ အကူအညီကလည်း ရလိုက်လေတော့ တွေးခေါ်ရုံတင် မဟုတ်တော့ဘူး။ စိတ်ကူးကလေးများတောင် ယဉ်နေမိသေးတယ်။

နောက်တစ်နေ့ မိုးလင်းတော့ သူ့အနားမှာရှိနေတဲ့ လူတွေ အပြောအရ နောက်ထပ် ရထားမထွက်တော့ဘူးတဲ့။ ဝါန်က ပတ်ပတ်လည်ကို တစ်ကြိမ် လှည့်ကြည့်လိုက်မိတယ်။ ပြီးတော့မှ ဆုံးဖြတ်ချက် ချလိုက်တယ်။ ရထား ရှိရှိ၊ မရှိရှိ ကျုပ်ကတော့ မရွှေ့တော့ဘူး။ ဒို့ပြင် ရထားမထွက်တော့ဘူး ဆိုတာက ကောလာဟလ မဟုတ်ဘူးရယ်လို့ ဘယ်သူက ပြောနိုင်သလဲ။ ရထားစောင့်နေတဲ့ လူတွေ စိတ်ဓာတ်ကျပြီး ဘူတာထဲက ထွက်သွားကြအောင် တချို့လူတွေက သတင်းဖြန့်တာ ဖြစ်ချင်ဖြစ်နေမှာ။ ဝါန်အနေနဲ့ကတော့ ဘယ်သူကမှ သူ့ကို အူကြောင်ကြောင် ဖြစ်သွားအောင် အလုပ်မခံဘူး။ ဒီတော့ ဝါန်ကြီးကို သူ့နေရာက တစ်လက်မတောင် ရွှေ့တာ တွေ့ကြရမှာ မဟုတ်ဘူး။ အဲသလို မရွှေ့တာက လည်း အကြောင်းတော့ ရှိတယ် ပြောရမယ်။ သူ့ခြေထောက်တွေက ရပ်နေရတာ ကြာပြီမို့ ထုံကျဉ်နေတယ်။ ဒီတော့ ရွှေ့လို့က မလွယ်ဘူး။

ဝါန် ဝယ်ထားတဲ့ စားစရာတွေကလည်း ကုန်သွားပြီ။ ပေါက်စီ ရောင်းနေတဲ့လူတော့ ရှိတယ်။ ဒီလူကလည်း အမြတ်ကြီး စားလွန်းတယ်။ ပေါက်စီနှစ်လုံးကို ဆယ်ပြားတဲ့။ ဈေးမကြီးလွန်းပေဘူးလား။ သူ့အနေနဲ့ကတော့ တစ်ခုခုဝါးဖို့ လိုနေပြီ။ ကြည့်ရတဲ့အတိုင်းကတော့ဖြင့် ပေါက်စီ ရောင်းတဲ့လူက ပိုက်ဆံရဖို့ ဖြစ်လာတော့ သူ့အနေနဲ့ ပိုက်ဆံကုန်ပေါက်တိုးလာတာပဲ။ ဒါပေတဲ့ ခုလိုအခြေအနေမျိုးမှာ ခင်ဗျားတို့ဆို ဘယ်လို

mgyoe.com

mgyoe.com SAMPLE BOOK

လုပ်ကြမလဲ။ လူဆိုတာ စားတော့ စားရမှာပဲ။ ဒီတော့ အမိပ္ပာယ်မရှိဘဲ ခေါင်းမာနေလို့ ဘယ်ဖြစ်တော့မှာတုံး။

ပေါက်စီရောင်းတဲ့လူကလည်း အတော် ခက်ခက်ခဲခဲနဲ့ သူ့ဆီ ရောက်အောင် တိုးဝှေ့လာရတာ။ လူတွေက ကျပ်ညပ်နေတာကိုး။ ပိုဆိုးတာက ပေါက်စီသည်ဘက်ကို မျှော်ကြည့်နေကြပေတဲ့ ပေါက်စီမဝယ်ဘဲ ရှေ့က ပိတ်ဆို့နေတဲ့ လူတွေရဲ့ ခေါင်းတွေ။ ဒီလူတွေအတွက်လည်း မလွယ်လှဘူး။ ဒီတော့ ဘယ်သူ့အတွက်မှ မလွယ်လှတဲ့ကိစ္စပဲ။ ဒါပေတဲ့ မတတ်နိုင်ဘူး။ ဆိုစကား ရှိထားခဲ့သလိုပဲ။ ပြဿနာပေါ်လာရင် ဝိုင်းဝန်းခံဖို့ပဲ မဟုတ်လား။

အဲဒီနေ့က ပေါက်စီရောင်းတဲ့လူက အတော် ပိုက်ဆံရလိုက်တယ်။ ဂျပန်တပ်တွေ ရောက်လာရင်တော့ ဒီကောင့်ကို ချက်ချင်း ဆွဲတော့မှာပဲ။ ခု ဒီကောင် ခေါင်းပုံဖြတ်သမျှ အဲဒီကျမှ သင်း ခံရတော့မှာပါ။ တရားပါတယ်။ 'ငါသာ ပေါက်စီရောင်းတဲ့လူဆို ဘယ့်နှယ်လုပ်မလဲ'လို့ ဝါန်က တွေးလိုက်မိပြန်တယ်။ 'ငါဆိုရင်တော့ ပေါက်စီတစ်လုံးကို ဆယ်ပြားနဲ့ ရောင်းမှာ။ ဘယ်ကိစ္စမဆို ကိုယ့်အမြင်နဲ့ကိုယ်ပဲ မဟုတ်ပေဘူးလား။ စေ့စေ့တွေးကြည့်ရင် ဂျပန်တွေတောင် သိပ်မဆိုးလှပါဘူး။ သူတို့ခမျာ ဒီကို လာကြရတယ် ဆိုတာကလည်း မလာလို့က မဖြစ်ဘူး။ တရုတ်တွေကိုမှ လာပြီး လူလည်မကျရင် သူတို့မှာ ကျစရာ မရှိဘူး။ ဂျပန်ပြည်က အပျော်မယ်တွေတောင် ဒီ လာချင်ကြသေးသတဲ့။ ကာလသားရောဂါဖြစ်တာက နည်းသေး ဆိုပဲ'

ဝါန်တစ်ယောက် စောင့်နေလိုက်တာ ညနေလေးနာရီကို ထိုးရော။ ဒီတော့ ပေပင်း–ရှန်ဟိုင်း အမြန်ရထား သွားလိမ့်မယ်ရယ်လို့ သတင်းကြားလာရတယ်။ ပြောရမှာတော့လည်း အခက်သား။ ခုလို သတင်းကြားလိုက်ရတော့ ဝါန်ကြီး စိတ်ထဲမှာ တစ်မျိုးဖြစ်မိတယ်။ ဖြစ်ဆို အစစအရာရာက အဆင်ပြေသလို ဖြစ်သွားတာကိုး။ သူ စောင့်နေရတာက တစ်ရက်နဲ့ တစ်ညပဲ ရှိသေးတယ်။ ဒါပေတဲ့ သွားရမယ် ဆိုလို့ကတော့ ဘာဖြစ်လို့ အချိန်ဖြုန်းနေရတော့မှာလဲ။ သွားရုံပေါ့။ ဟုတ်ပြီ၊ ရထားနဲ့ လိုက်သွားခဲ့ပြီ ဆိုပါစို့။

mgyoe.com

mgyoe.com
SAMPLE BOOK

သူ ဘယ်မှာ ဆင်းရမလဲ။

ရှန်ဟိုင်းအထိတော့ သူ မသွားသေးဘူး။ သွားသင့်တဲ့ အရပ်လည်း မဟုတ်ဘူး။ အဲဒီမှာ ဂျပန် မိစ္ဆာကောင်တွေကို တိုက်ဖို့ တရုတ်တပ်မကြီး ဆယ့်ကိုးက တပ်စွဲထားတယ် မဟုတ်လား။ ဂျပန်တွေကို တရုတ်တပ်တွေက အပြတ်နိုင်တာ။ ဂျပန်တပ်တွေက တရုတ်တပ်တွေကို ဒူးတုပ်ပြီး အဖေခေါ်ရင်း သူတို့ကို သနားညှာတာဖို့ တောင်းပန်နေကြရတာ။ ဒီတော့လည်း ဂျပန်လေယာဉ်ပျံတွေ ရောက်လာပြီး ဗုံးတွေ ကြဲလိုက်သမှ 'ရန့်စုံ တော'လို့ ခေါ်တဲ့ စားပွဲရုံက စားပွဲထိုးတွေ အများကြီး သေတာပဲ။ ဝက်အူချောင်းတွေရော၊ လူ့အခေါက်တွေပါ လေထဲ ပျံတက်ကြကုန်ရော။ ရှန်ဟိုင်းတောင် အဲဒီလောက်ထိ သွားရေးလာရေး စိတ်မချရဘူးဆိုရင် နန်ကင်းဆိုတာက ထည့်မစဉ်းစားနဲ့တော့။ ဂျပန်တွေက လွတ်ငြိမ်းချမ်းသာခွင့် ပေးထားတဲ့နေရာ မဟုတ်ဘူး။ အောက်ဘက်ဆီက ဂျန်စီပြည်နယ်ဘက်မှာတော့လည်း ကွန်မြူနစ်တွေက နေရာတကာမှာ။ ဘယ်သူကများ အဲဒီသွားပြီး စားရှောင်ရ၊ ကျည်ရှောင်ရ လုပ်ချင်နေမှာတုံး။

သူ့ရှေ့နားဆီက လူက ကျိုနန်ကိုသွားဖို့ ဒုတိယတန်းလက်မှတ် ဝယ်လိုက်တယ်။ ကျိုနန်၊ ဟုတ်လား။ ဘယ်ဆိုးလို့တုံး။ မဆိုးရုံတင် မကဘူး။ ကောင်းတယ်လို့တောင် ပြောရမယ်။ ဒီတော့ ကျိုနန်ကို သွားတာပေါ့။ တစ်ခုတော့ ရှိတယ်။ ကျိုနန်မှာ သတ်ဖြတ်နေတာတွေ ပြီးသွားပလား။ ဟိုရောက်ခါမှပဲ မေးမြန်းကြည့်ရတော့မှာပဲ။ အခြေအနေက သိပ်မဟန်သေးရင်တော့ တောင်ဘက်ကို ဆက်ပြီး သွားရုံပဲပေါ့။ စိတ်ကူးကတော့ နိပ်ပါ့။

ဝါန်က ဒုတိယတန်းလက်မှတ်တစ်စောင် ဝယ်လိုက်တယ်။ ဒါပေတဲ့ စီးတော့ တတိယတန်းက စီးရလိမ့်မယ်။ အဲဒါကတော့ ဒီလို။ 'တစ်မျိုးသားလုံးဆိုင်ရာ ပြဿနာ' ပေါ်နေတဲ့အခါမှာ အဆင့်တစ်ဆင့်စီ လျှော့ကြရတယ်။ ပေါက်ပေါက်ရောက်ရောက် ရှိတယ်၊ ဩဇာအာဏာ ရှိတယ်ဆိုတဲ့ လူတွေက၊ မီးရထားလက်မှတ်လည်း ဝယ်စရာမလိုတဲ့ လူတွေက ပထမတန်းက စီးကြတယ်။ ဒီတော့ ပထမတန်းလက်မှတ်ရှိတဲ့ လူတွေက ဒုတိယတန်းမှာ စီးကြရတယ်။ ဒုတိယတန်းလက်မှတ်ရှိတဲ့ လူတွေ

mgyoe.com

mgyoe.com SAMPLE BOOK

က တတိယတန်း သွားစီးကြရတယ်။ တတိယတန်းလက်မှတ်ရှိတဲ့ လူတွေကတော့ ...။ အင်း ... တတိယတန်းလက်မှတ်ရှိတဲ့ လူက ပထမတန်းတော့ သွားမစီးရဘူးဆိုတဲ့ မူကလေးက ရှိနေလေတော့ လက်မှတ်ကို လက်ထဲမှာကိုင်ပြီး လမ်းလျှောက်ကြရုံပေါ့။ အဲဒီလိုမှ မလုပ်ချင်လည်း သူတို့ တည်းနေတဲ့ တည်းခိုခန်းကိုပြန်ပြီး နောက်လေးငါးရက်လောက် စောင့်ပေါ့။ သူတို့ အခြေအနေကတော့ဖြင့် ပြောင်းလိမ့်မယ် မဟုတ်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဝါန်ကြီး တစ်ယောက်ကတော့ဖြင့် ဒုတိယတန်းလက်မှတ် ရထားတယ်။ ဒီတော့ ရထားစီးရမယ့်ပုံပဲ။ လမ်းလျှောက်သွားရတာထက် စာရင်တော့ အတော့်ကို ဟန်ကျတာပေါ့။

သိပ်မကြာခင်က ဒုတိယတန်းလက်မှတ်ရှိတဲ့ လူနှစ်ယောက်ဟာ ရထားတွဲပေါ်ရောက်တော့ ထိုင်စရာနေရာ တွေ့သွားတယ်။ ထိုင်လည်းပြီးကြရော လူတွေ ပြုတိုးလိုက်တာနဲ့ ထိုင်လျက် သေသွားကြရရှာတယ်။ အဲဒီကတည်းက စလို့ ရထားပေါ်မှာ အရဲစွန့်ပြီး မထိုင်ကြတော့ဘူး။ အန္တရာယ်များတာကိုး။ မတော် ထိုင်လိုက်မိကြပြန်ရင်လည်း ဘယ်လိုလုပ် ပြန်ပြီး မတ်တတ်ပြန်ရပ်ကြရမှန်း သိမှာ မဟုတ်တော့ဘူး။ ထိုင်မယ်ဆိုရင်တော့လည်း ဘုန်းကြီးအိုကြီးတွေ တရားထိုင်သလို မလှုပ်မယှက်နေကြရမှာ။ ဟိုခရီးသည် နှစ်ယောက်တော့ တရားမှတ်သလို ထိုင်လိုက်ကြတာ တစ်ခါတည်း ကောင်းကင်ဘုံကို ရောက်သွားတော့တာပဲ။ ဒီတော့လည်း ဝါန်အနေနဲ့ သူတို့လမ်းစဉ်တော့ မလိုက်တော့ဘူး။

ဒို့ပြင်တော့ သူ ရပ်နေရတဲ့ နေရာကလည်း သိပ်မဆိုးလှဘူး။ ရထားတွဲရဲ့ အလယ်ကောင်တည့်တည့်လောက်မှာ။ ရထားက သွားရင် လှုပ်ရှားတဲ့အခါ ပြတင်းပေါက်နား ထိုင်နေတဲ့ လူတွေဆိုရင် ခေါင်းနဲ့ ပြတင်းပေါက်နဲ့ တိုက်မိတတ်ကြတယ်။ ဝါန်ကတော့ ဟန်ကျတယ်။ သူ့ဘေးနားက လူနဲ့ပဲ တိုက်မိတတ်တော့ အတော် သက်သာတယ်လို့ပဲ ပြောရလိမ့်မယ်။ သူ့ဘေးဘီမှာရှိတဲ့ ခရီးသည်တွေအနေနဲ့ကတော့ သိပ်မသက်သာရှာဘူး။ ကြည့်ရတာကတော့ဖြင့် ကောင်းကင်ဘုံဆီက ကိုယ်တော်ကြီးတွေက ဝါန်ကြီးကို စောင့်ရှောက်နေကြပုံရတယ်။ ကြည့်လေ၊ သူ့ရှေ့က ငနဲက သူ့ထက် ပုတယ်။ ဒီတော့ ဝါန်အဖို့ ခေါင်းတင်စရာ

mgyoe.com

mgyoe.com
SAMPLE BOOK

နေရာရနေသလိုပဲ။ သူ့နောက်က ငေတိကတော့ ဝဝဖိုင့်ဖိုင့်ကြီး။ ဒီတော့လည်း ဆိုဖာကြီးလို ဖြစ်နေတာပေါ့။ ဒါတင် ဘာဟုတ်သေးလဲ။ ဝါန်က သူ လုပ်ချင်ရာ လုပ်လို့ရတဲ့ အနေအထားမှာ ရောက်နေတာ။ ဆိုကြပါစို့၊ ဝါန်က နှပ်ညှစ်ချင်တယ်ဆိုရင် လူတွေနဲ့ညပ်နေလို့ သူ့နှာခေါင်းကို ဖိဖို့ သူ့လက်ကို မြှောက်လို့ မရဘူး။ ဒီတော့ သူ့ရှေ့က လူရဲ့ ခေါင်းပေါ် အသာကျော်ပြီး ပစ်မှတ်ယူရင်း နှာခေါင်းနှစ်ပေါက်စလုံးကို နှစ်လုံးပြူး များ တစ်ပြိုင်တည်း ပစ်သလို ခပ်ပြင်းပြင်း ညှစ်ထုတ်လိုက်ရုံပဲ။ ရှေ့ဘက်က တစ်ယောက်ယောက် ကျောကို သွားမှန်တာပဲ။ ဒီတော့လည်း ဘယ်ဘက်က ကြည့်ကြည့် ဝါန်တစ်ယောက် ရထားတွဲထဲမှာ ရထားတဲ့ နေရာက မနိပ်လှဘူးလို့ ပြောလို့ကို မဖြစ်တော့ဘူး။

ဒီလိုနဲ့ ရထားဟာ တန်ကျင်း ဗဟိုဘူတာရုံကြီးထဲ ရောက်လာခဲ့တယ်။ ဒါပေတဲ့ ခရီးသည်တစ်ယောက်မှ ပလက်ဖောင်းပေါ်ဆင်းပြီး ခြေဆန့်လက်ဆန့်တော့ မလုပ်ကြဘူး။ ခရီးသည်တွေရဲ့ ပါးစပ်ပေါက်တွေကနေ ခပ်ဆင်ဆင် မေးခွန်းတွေ ထွက်လာတယ်။ 'သောက်ကျိုးနည်း၊ ဘာလို့ ဒီမှာ ရပ်တာတုံး'၊ 'သွားကြစို့၊ ဒီရထားစုတ် ဒီဘူတာကနေ ထွက်စမ်းပါဟ' တန်ကျင်းလို့ အသံကြားကတည်းက ကျောထဲ စိမ့်နေကြတာမို့ တကယ်လည်း ရောက်လာရော ပိုပြီး လန့်နေမိကြတာပဲ။ ရထားက တန်ကျင်းမှာ တစ်နာရီကျော်ကျော် ရပ်ပေတဲ့ ဘယ်သူမှ ရထားပေါ်က မဆင်းရဲဘူး။ ဆင်းဖို့ နေနေသာသာ ရထားပေါ်ကနေတောင် လှမ်းပြီး အပြင်ဘက်ကို မကြည့်ရဲကြဘူး။ မတော် ဂျပန်မိစ္ဆာကောင်တွေနဲ့ အကြည့်ချင်း ဆုံသွားမှာ ကြောက်ကြလို့ပဲ။ အကြည့်ချင်း ဆုံရုံလောက်နဲ့ သေကောင်ပေါင်းလဲတော့ မဖြစ်လောက်ဘူးပေါ့။ ဒါပေတဲ့ အတော် ဖင်တုန်သွားမိမှာ။

နောက်ဆုံးတော့ ရထားဟာ ဗဟိုဘူတာကြီးကနေ ထွက်လာပြီး တန်ကျင်းရဲ့ ဘူတာဟောင်းမှာ ရပ်ပြန်ပါရော။ ပြီးတော့ တန်ကျင်း ဗဟိုဘူတာကြီးဆီ ပြန်သွားပါလေရော။ ခရီးဆုံးကို ရောက်ပါတော့မလား။ ရထားမောင်းတဲ့ အကောင်တွေ ဘာများ လုပ်နေကြတာတုံး။ မိုးကြိုးပစ်ခံကြရမယ့် အကောင်တွေ။ ခရီးသည်တွေကတော့ ဘူတာရုံက ရုံပိုင်ကြီး

mgyoe.com